# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၄၃) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၃) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | (က) တနင်္သာရီ... | ၄ |
| ၇ | (ခ) ဇန်းမော်မြို့မှ ကသာမြို့နယ်သို့ ပြောင်းဆွဲနေသော သံခွဲမော်တော်တွင်း၌ လေလုံခန်းများ တည်ဆောက် ပြောင်းဆွဲပေးရန်၊ ၎င်းရေယာဉ်များကို ဥပဒေနှင့်အညီ စိစစ်၍ နိုင်ငံတော်ဘဏ္ဍာအတွက် အခွန်ကောက်ခံသွားရန်၊ စည်းမျဉ်းစည်းကမ်းနှင့် မလျော်ညီသော ရေယာဉ်များအား အရေးယူဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း | ၇ |
| ၈ | (ဂ) မြန်မာနိုင်ငံ သစ်တောဝန်ထမ်းများ၏ လုံခြုံရေးအတွက် ယခင်ကကဲ့သို့ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ကာ လက်နက်များ ပြန်လည်တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၅ |
| ၉ | (ဃ) ပင်လည်ဘူးမြို့နယ်၊ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောအတွင်း ကျရောက်နေသော လယ်ယာမြေများကို စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၀ |
| ၁၀ | (င) ဇန်းမောက်မြို့နယ်အတွင်း အုပ်စုဖွဲ့သစ်ခိုးထုတ်နေမှုများအား မည်သို့တားဆီး အရေးယူ ဆောင်ရွက်ပေးမည်နှင့် စနစ်တကျစီမံကိန်းချ၍ သစ်ခိုးထုတ်နေမှုအား စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၄ |

| | | |
|---|---|---|
| ၁၁ | ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်က မူလရေအရင်းအမြစ် သဘာဝရေထွက်များ ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ဦးစားပေး အဆင့် သတ်မှတ်ကာ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းစဉ်များ ချမှတ်လမ်းညွှန်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၂၈ |
| ၁၂ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော စာရင်းအင်းဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေး ခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း | ၃၆ |
| ၁၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၃) ရက် မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၄) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၆၀ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၄၃)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၁–၈–၂၀၁၇ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစိုင်းမောင်ပွင့်၊ တန့်ယန်း မဲဆန္ဒနယ်၏ **တန့်ယန်းမြို့ လေယာဉ်ကွင်းသို့ လေယာဉ်ခရီးစဉ်ပြန်လည်ပြေးဆွဲရန် အစီအစဉ် ရှိ၊ မရှိနှင့် အစီအစဉ် မရှိပါက မြေနေရာအား ပြန်လည်စွန့်လွှတ်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဇာနည်မင်း၊ ရွှေကူ မဲဆန္ဒနယ်၏ **ဗန်းမော်မြို့မှ ကသာမြို့နယ်သို့ ပြေးဆွဲနေသော သံခွဲမော်တော်တွင်း၌ လေလုံခန်းများ တည်ဆောက်ပြေးဆွဲပေးရန်၊ ၎င်းရေယာဉ်များကို ဥပဒေနှင့်အညီ စိစစ်၍ နိုင်ငံတော်ဘဏ္ဍာအတွက် အခွန်ကောက်ခံသွားရန်၊ စည်းမျဉ်းစည်းကမ်းနှင့် မလျော်ညီသော ရေယာဉ်များအား အရေးယူဆောင်ရွက်သွားရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံသစ်တောဝန်ထမ်းများ၏ လုံခြုံရေးအတွက် ယခင်ကကဲ့သို့ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ သတ်မှတ်ကာ လက်နက်များ ပြန်လည်တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမင်းနောင်၊ ပင်လည်ဘူး မဲဆန္ဒနယ်၏ **ပင်လည်ဘူးမြို့နယ်၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောအတွင်း ကျရောက်နေသော လယ်ယာမြေများကို စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်စိုး၊ ဇန်းမောက် မဲဆန္ဒနယ်၏ **ဇန်းမောက်မြို့နယ်အတွင်း အုပ်စုဖွဲ့သစ်ခိုးထုတ်နေမှုများအား မည်သို့တားဆီးအရေးယူဆောင်ရွက်ပေးမည်နှင့် စနစ်တကျစီမံကိန်းချ၍ သစ်ခိုးထုတ်နေမှုအား စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်က **"မူလရေအရင်းအမြစ် သဘာဝရေထွက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဦးစားပေးအဆင့် သတ်မှတ်ကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များ ချမှတ်လမ်းညွှန်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“စာရင်းအင်း ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
## (၄၃)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
## (၂၀၁၇ ခုနှစ်၊ ဩဂုတ် ၁၁ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၇၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၀၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၁၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၁ ရက်၊

(၂) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊

(၃) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊

(၄) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၅) စဉ့်ကူးမဲဆန္ဒနယ်မှ ဒေါက်တာဇော်ဝင်းမြင့် ခွင့် ၁ ရက်၊

(၆) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊

(၇) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်၊

(၈) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်၊

(၉) ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် ခွင့် ၁ ရက်၊

(၁၀) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊

(၁၁) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း ခွင့် ၁ ရက်၊

(၁၂) မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ ခွင့် ၅ ရက်၊

(၁၃) ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

(၁၄) ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ခွင့် ၁ ရက်၊

(၁၅) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်၊

(၁၆) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)မောင်တင်သစ် ခွင့် ၁ ရက်၊

(၁၇) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)သောင်းထွန်း ခွင့် ၁ ရက်၊

(၁၈) တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၁၉) ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ)ပြုံးချို ခွင့် ၁ ရက်၊

(၂၀) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၂၁) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊

(၂၂) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၁ ရက်နှင့်

(၂၃) အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၄၂ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၃ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၆၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၂ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၆၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြား ခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**တန့်ယန်းမြို့ လေယာဉ်ကွင်းသို့ လေယာဉ်ခရီးစဉ် ပြန်လည်ပြေးဆွဲရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်မရှိပါက မြေနေရာအား ပြန်လည်စွန့်လွှတ်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ပွင့်(တန့်ယန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့သို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှလုံးကြည်သာချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်ရှိ လေယာဉ်ကွင်းမြေနေရာကိစ္စ

မေးမြန်းမယ့် တန့်ယန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ပွင့်(ခ) ဦးအောင်ပွင့် ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ တန့်ယန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်အတွင်းရှိ လေယာဉ်ကွင်းသည် Twin Alter လေယာဉ်ငယ်များသာ ဆင်းသက်နိုင်သည့် ကွင်းတိုလေးသာဖြစ်ပြီး ၎င်းလေယာဉ်ကွင်းသို့ လေယာဉ်ဆင်းသက် ပြေးဆွဲခြင်းမရှိသည်မှာ နှစ်ပေါင်း ၃၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုမေးမြန်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ လေယာဉ်ကွင်းမြေပုံနေရာဖြစ်ပါတယ်ခင်ဗျား။ ပုံတွင်မြင်ရတဲ့အတိုင်း လက်ရှိလေယာဉ်ကွင်းဟာ မြို့တွင်းလူနေအိမ်များအကြား တည်ရှိနေခြင်း၊ ရေအားလျှပ်စစ်ဓာတ်မီးတိုင်များ စိုက်ထူထားခြင်းတို့ကြောင့် လေယာဉ်ဆင်းသက်ရန် မသင့်သည့်အခြေအနေသို့ရောက်ရှိနေပါတယ်ခင်ဗျား။ ၁၀ ဧက ကျော် ကျယ်ဝန်းသည့်လေယာဉ်ကွင်းနေရာအား ပြန်လည်စွန့်လွှတ်ပါက မြို့နယ်၏ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ရုံး၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနရုံး၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးရုံး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးနဲ့ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းအိမ်ရာများအတွက် မြေနေရာလိုအပ်လျက်ရှိကြောင်း ဌာနဆိုင်ရာများမှ တင်ပြလာပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ (က) တန့်ယန်းမြို့နယ်လေယာဉ်ကွင်းသို့ လေယာဉ်ခရီးစဉ်ပြန်လည်ပြေးဆွဲရန် အစီအစဉ်ရှိ/မရှိ၊ (၂) အကယ်၍ လေယာဉ်ခရီးစဉ်ပြန်လည်ပြေးဆွဲရန် အစီအစဉ်မရှိပါက လိုအပ်သည့် ရုံးမြေနေရာများ၊ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ရန်အတွက် လေယာဉ်ကွင်းမြေနေရာအား ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုပါကြောင်း ဝန်ထမ်းများနှင့် ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရှမ်းပြည်နယ်၊ တန့်ယန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးစိုင်းမောင်ပွင့်၏ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ တန့်ယန်းမြို့လေယာဉ်ကွင်းသို့ လေယာဉ်ခရီးစဉ် ပြန်လည်ပြေးဆွဲရန် အစီအစဉ်ရှိ/မရှိနှင့် အကယ်၍ လေယာဉ်ခရီးစဉ် ပြန်လည်ပြေးဆွဲရန်မရှိပါက မြေနေရာအား လိုအပ်လျက်ရှိသည့် ရုံးမြေနေရာများ၊ ဝန်ထမ်းအိမ်ရာ မြေနေရာများ ဆောက်လုပ်နိုင်ရန်အတွက် ပြန်လည်စွန့်လွှတ်ရန် အစီအစဉ်ရှိ/မရှိနှင့် မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုကြောင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

တန့်ယန်းလေယာဉ်ကွင်းဟာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့ ပင်လယ်ရေမျက်နှာပြင်ထက်အမြင့်ပေ ၂၅၀၀ တွင်တည်ရှိပါတယ်။ လေယာဉ်ပြေးလမ်းမှာ အလျား ၁၇၀၀ ပေ၊ အကျယ် ၁၀၀ ပေသာရှိသည့်ဂဝံခင်းကွင်းဖြစ်သဖြင့် ခြောက်သွေ့သောရာသီဥတုသာ တွင်အော်တာလေယာဉ်များ ၁၉၇၆ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ဆင်းသက်အသုံးပြုခဲ့တဲ့ လေယာဉ်ကွင်းဟောင်း ဖြစ်ပါတယ်။

တန့်ယန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့က တန့်ယန်းလေယာဉ်ကွင်းဟောင်းနေရာအား ဌာနဆိုင်ရာစုပေါင်းရုံးနှင့် မြို့နယ်ခန်းမအဆောက်အဦသစ် ဆောက်လုပ်ပေးနိုင်ရေးကိစ္စကို ယခင်အစိုးရလက်ထပ်တွင် တင်ပြခဲ့ရာ ၎င်းကိစ္စအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ယခင်ပို့ဆောင်ရေးဝန်ကြီးဌာနသို့ စိစစ်တင်ပြရန် ၁၆-၁၀-၂၀၁၄ ရက်နေ့မှာ အကြောင်းကြားခဲ့ပါတယ်။

ယခင်ပို့ဆောင်ရေးဝန်ကြီးဌာနက တန့်ယန်းလေယာဉ်ကွင်းဟောင်းနေရာကို စိစစ်မှုများပြုလုပ်ခဲ့ရာ လေယာဉ်ပြေးလမ်းက အရှေ့နှင့်အနောက် အနေအထားတည်ရှိပြီး၊ အနောက်ဘက်တွင် တန့်ယန်းမြို့ရှိနေခြင်း၊ အရှေ့ဘက်လေယာဉ်ဆင်းသက်ရာ လမ်းကြောင်းတွင် တောင်ကုန်းများရှိနေခြင်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလိုပဲ မြို့လယ်၌ရှိနေသဖြင့် ဘေးပတ်ဝန်းကျင်တွင် လူနေအိမ်ခြေများနှင့် နီးကပ်စွာရှိနေခြင်းတို့ကြောင့် နှစ်ဘက်စလုံး လေယာဉ်ပြေးလမ်းတိုးချဲ့ရန် ဆောင်ရွက်နိုင်ခြင်းမရှိခြင်းတို့ကြောင့် တန့်ယန်းလေယာဉ်ကွင်းဟောင်းနေရာအား ဌာနဆိုင်ရာစုပေါင်းရုံးနှင့်မြို့နယ်ခန်းမ အဆောက်အဦသစ်ဆောက်လုပ်ရန်အတွက် ခွင့်ပြုပေးနိုင်ပါကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ၁၂-၁၁-၂၀၁၄ ရက်နေ့မှာ သဘောထားမှတ်ချက်ပြန်လည်တင်ပြခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တန့်ယန်းလေယာဉ်ကွင်းဟာ လက်ရှိပျံသန်းအသုံးပြုနေသော လေယာဉ်အမျိုးအစားများ ဆင်းသက်နိုင်ရန် လိုအပ်တဲ့ လေယာဉ်ပြေးလမ်းအရှည်ပမာဏအထိ တိုးချဲ့ရန်အတွက် ကန့်သတ်ချက်များကြောင့် ပြေးလမ်းတိုးချဲ့ရန် မဖြစ်နိုင်သဖြင့် လေယာဉ်ခရီးစဉ်များ ပြန်လည်ပြေးဆွဲရန် အစီအစဉ်မရှိပါကြောင်းနှင့် တန့်ယန်းမြို့ဖွံ့ဖြိုးရေးအတွက် လိုအပ်လျက်ရှိတဲ့ အဆောက်အဦများ တည်ဆောက်နိုင်ရန် လေယာဉ်ကွင်းဟောင်းနေရာအား ဌာနပိုင်မြေအဖြစ်မှ စွန့်လွှတ်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်သွားနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဗန်းမော်မြို့မှ ကသာမြို့နယ်သို့ ပြေးဆွဲနေသော သံခွံမော်တော်တွင်း၌ လေလုံခန်းများ တည်ဆောက်ပြေးဆွဲပေးရန်၊ ၎င်းရေယာဉ်များကို ဥပဒေနှင့်အညီစိစစ်၍ နိုင်ငံတော်ဘဏ္ဍာအတွက် အခွန်ကောက်ခံသွားရန်၊ စည်းမျဉ်းစည်းကမ်းနှင့် မလျော်ညီသောရေယာဉ်များအား အရေးယူဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဗန်းမော်မြို့နယ်မှ ကသာသို့ ပြေးဆွဲနေသော သံခွံမော်တော်အတွင်း၌ လေလုံခန်းများတည်ဆောက်ပြေးဆွဲပေးရန်နှင့် ၎င်းရေယာဉ်များကို ဥပဒေနှင့်အညီစိစစ်၍ နိုင်ငံတော်ဘဏ္ဍာအတွက် တိကျသောအခွန်ဘဏ္ဍာများ ကောက်ခံသွားရန်နှင့် စည်းမျဉ်း၊ စည်းကမ်းနှင့်မလျော်ညီသောယာဉ်များကို အရေးယူဆောင်ရွက်သွားနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မေးမြန်းရခြင်းအကြောင်းရင်းကတော့ ဒီရေယာဉ်ဟာ ပြည်သူတွေအနေနဲ့ စိတ်ချယုံကြည်မှုနည်းပါးနေတာကို တွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီသတ်မှတ်ထားတဲ့ခရီးသည်တွေကို ကျော်လွန်ပြီးမှတင်ဆောင်နေတာကိုလည်း တွေ့ရှိရပါတယ်။ နောက်မှ ဒီရေယာဉ်မှာဆိုလို့ရှိရင် တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ခရီးသည်တွေအတွက် Life Jacket တွေကို လုံလောက်စွာအရေအတွက်ထားရှိမှုမရှိသည့်အပြင် စနစ်တကျထားရှိခြင်းမရှိတာကိုလည်း တွေ့ရှိရပါတယ်။ နောက်တစ်ခါ ကြိုတင်ပြင်ဆင်မှုအနေနဲ့ ပြောရမယ်ဆိုလို့ရှိရင် ဒီရေယာဉ်မှာဆိုလို့ရှိရင် တစ်စုံတစ်ရာဖြစ်လို့ ဒီသံခွံဖြစ်တဲ့အတွက် ရေထဲကိုချက်ချင်းမနစ်မြုပ်နိုင်အောင် ဒီ လေလုံ

ခန်းတွေနဲ့ နောက် လေးအိုးစနစ်တွေ၊ အသက်ကယ်ဘောတွေနဲ့ ထားရှိခြင်းမရှိတာကိုလည်း တွေ့ရှိရပါတယ်။ နောက်တစ်ခါ အခွန်စည်းကြပ်မှုတွေလည်း အားနည်းနေတာကိုလည်း တွေ့ရှိရတဲ့အတွက်ကြောင့် အခွန်အပြည့်အဝမရရှိတာကိုလည်း ကျွန်တော်တို့လေ့လာတွေ့ရှိရပါတယ်။ နောက်တစ်ခါ ရေယာဉ်တည်ဆောက်တဲ့အခါကျတော့လည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေက နည်းပညာတွေပံ့ပိုးမှုမရှိဘူး၊ ညွှန်ကြားမှုအားနည်းနေတာကို တွေ့ရတဲ့အတွက်ကြောင့် ရေယာဉ်တည်ဆောက်တဲ့နေရာမှာ အရပ်နည်းနဲ့ပဲ မိမိသဘောနဲ့ အလွယ်တကူတည်ဆောက်နေတာကို တွေ့ရှိရပါတယ်။ နောက်တစ်ခါ ကချင်ပြည်နယ် ပုဂ္ဂလိကပိုင်ရေယာဉ်များ စနစ်တကျပြေးဆွဲတဲ့ဥပဒေနဲ့လည်း မကိုက်ညီတာကိုလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ ဒီဥပဒေကို ၂၀၁၃ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ဒီပုဂ္ဂလိကရဲ့ရေယာဉ်ကို ပြေးဆွဲနိုင်ရန်အတွက် အခန်း(၂)မှာ ပုဒ်မ ၃ ပုဒ်မခွဲ(က)မှာဆိုလို့ရှိရင် ပုဂ္ဂလိကပိုင်ရေယာဉ်တွေကို စနစ်တကျ စည်းကမ်းတရှိနဲ့ ပြေးဆွဲနိုင်ရန်ဖြစ်တယ်။ နောက် ပုဒ်မခွဲ(ခ)ကတော့ ခရီးသွားလုပ်သားပြည်သူတွေရဲ့ ဘေးအန္တရာယ်တွေကို ကင်းရှင်းသက်သာချောင်ချိသွားလာနိုင်ရန်ဖြစ်တယ်။ ပုဒ်မခွဲ(ဂ)မှာတော့ ကုန်စည်စီးဆင်းမှုကို လွယ်ကူမြန်ဆန်စွာ စီးဆင်းစေရန် ဖြစ်တယ်။ ပုဒ်မခွဲ(ဃ)မှာတော့ ထိုက်သင့်တဲ့အခွန်ဘဏ္ဍာများရရှိပြီး ပြည်နယ်ရဲ့ဖွံ့ဖြိုးရေး၊ စီးပွားရေး၊ လူမှုရေးတွေကို အသုံးပြုဖို့အတွက်ဖြစ်တယ်ဆိုတဲ့အကြောင်း ရည်ရွယ်ပြီးတော့မှ ပြဋ္ဌာန်းထားပါတယ်။ အဲဒီမှာ ထူးခြားဖြစ်စဉ်အနေနဲ့ကတော့ ၂၀၁၃ ခုနှစ်မှာဆိုလို့ရှိရင် ကသာနယ်မှာ ရှပ်ပြေးမှောက်ကာ ၃၆ ဦး သေဆုံးခဲ့ပါတယ်။ ၁၀-၃-၂၀၀၉ ရက်နေ့မှာဆိုလို့ရှိရင် မော်တော်နှစ်စီး အစုန်အဆန်တိုက်မိတဲ့အတွက် ရွှေကူနယ်စပါးတိုးရွာမှာ လူနှစ်ဦးသေဆုံးခဲ့ပါတယ်။ နောက် ၂၀-၇-၂၀၁၂ ရက်နေ့မှာဆိုလို့ရှိရင် ဗန်းမော်မြို့ရဲ့ဆိပ်ကမ်းမှာပဲ စထွက်တဲ့နေရာမှာ ရေယာဉ်နစ်မြုပ်တဲ့အတွက် လူ ၂၀ ဦးသေဆုံးတယ်လို့ပြောသော်လည်း ဒေသခံတွေရဲ့ပြောချက်အရ ထိုထက်နှစ်ဆမကများမယ်ဆိုတာကိုလည်း ပြောကြားချက်အရ သိရှိရပါတယ်။ ဒီပုဂ္ဂလိကရေယာဉ်တွေကလည်း ပြည်သူတွေကို စည်းရုံးတာတွေ၊ လှုံ့ဆော်တာတွေ၊ အသိပညာပေးတာတွေ လုပ်ကိုင်တာ ယနေ့အချိန်အထိ မတွေ့ရှိရပါဘူး။ နောက်တစ်ခါ ဆိပ်ကမ်းမှာလည်း လုံခြုံရေးအတွက်တွေ၊ ဆိပ်ကမ်းသန့်ရှင်းရေးအတွက်တွေလည်း လုပ်ဆောင်နေတာကို ယနေ့အချိန်အထိ မတွေ့ရှိရပါဘူး။ နောက်တစ်ခါ သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်တယ်လို့ ကျွန်တော့်အနေနဲ့ ပြောလိုတာကတော့ ဒီရေယာဉ်မှာလိုက်ပါကြတဲ့ခရီးသည်တွေကနေ အမှိုက်တွေပစ်ချတာ၊ ဆိပ်ကမ်းတွေမှာ မြစ်ထဲကို ကွပ်ကွပ်အိပ်တွေ၊ ဖော့ဘူးတွေ ပစ်ချတာလည်း ဒါ မတရားတွေ့မြင်နေရပါတယ်။ နောက် ရေယာဉ်အသင်းတွေ ထားရှိတာလည်း စနစ်တကျ

မရှိပါဘူး။ ကျွန်တော်တို့ရွှေကူမြို့မှာဆိုလို့ရှိရင် မော်တော်ပြေးဆွဲတာ ဆယ်စုနှစ်ကျော်သော်လည်း ဒီရေယာဉ်ဂိတ်ထားရှိခြင်းမရှိတာကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒါကြောင့်မို့လို့ ပုဂ္ဂလိကရေယာဉ်အသင်းအနေနဲ့ ဒီလုပ်ထုံးလုပ်နည်းတွေ၊ စည်းမျဉ်းစည်းကမ်းတွေ မူဝါဒတွေနဲ့ ပြန်လည်ချမှတ်ပြီးတော့မှ စိစစ်ဖို့လိုတယ်ဆိုတဲ့အကြောင်းလည်း ကျွန်တော့်အနေနဲ့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒါကြောင့် ဒီဥစ္စာဟာ ကျွန်တော့်ရဲ့ မေးရတဲ့ရည်ရွယ်ချက်ကို ဟိုက်လိုက်လုပ်ထားတာဖြစ်ပါတယ်။ အကျိုးရလဒ်အားဖြင့်ပြောမယ်ဆိုလို့ရှိရင် ဒီမေးခွန်းမေးခြင်းအားဖြင့် ပြည်သူတွေကလည်း အသိတွေရှိလာမယ်။ နောက်အခါ ရေယာဉ်တွေကလည်း လိုက်နာပြီးမှ သက်ဆိုင်တဲ့ ဝန်ကြီးဌာနကလည်း ညွှန်ကြားမှုရှိလာလို့ရှိရင် ရေရှည်အတွက်ကောင်းမွန်မှာဖြစ်မှာလို့ မေးရခြင်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ရေယာဉ်တွေ ရပ်နားထားတာ ဗန်းမော်မြို့မှာနစ်မြုပ်သွားတဲ့နေရာ ဖြစ်ပါတယ်။ ဒီရေယာဉ်တွေကိုလည်း ရပ်တဲ့အချိန်မှာ စစ်ဆေးမယ်ဆိုလို့ရှိရင် ကြိုတင်ပြီးတော့မှ စစ်ဆေးလို့ရပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရွှေကူမြို့နယ်ကနေမှ မကြာသေးခင်ကနေ စိစစ်ခဲ့ပြီးမှ ခရီးသည်အသက်ကယ်အင်္ကျီတွေ မလုံလောက်ဘူးဆိုတာတွေ့ရှိရတာကို ပြန်လည်ပေးပို့ထားခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါသောကြောင့် ဒီဗန်းမော်မြို့မှနေပြီး ကသာကိုပြေးဆွဲနေတဲ့သံခွဲများကို စနစ်တကျနဲ့ပြေးဆွဲသွားနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း၏ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့မှ စစ်ကိုင်းတိုင်း၊ ကသာမြို့နယ်သို့ ပြေးဆွဲနေတဲ့ မြန်မာပြည်လုပ်သံခွဲမော်တော်များအားလုံးကို စီးနင်းလိုက်ပါကြသော အများပြည်သူများ၏လုံခြုံရေးအတွက် မော်တော်တွင်း၌ လေလုံခန်းများတည်ဆောက်ပြီး ပြေးဆွဲပေးနိုင်ရန်အတွက်လည်းကောင်း၊ ၎င်းရေယာဉ်များကို ဥပဒေနှင့်အညီစိစစ်၍ နိုင်ငံတော်ဘဏ္ဍာအတွက် အခွန်ကောက်ခံသွားရန် စည်းမျဉ်းစည်းကမ်းနှင့်မလျော်ညီသော ရေယာဉ်များအား အရေးယူဆောင်ရွက်သွားနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက

မည်သည့်အချိန်တွင် မည်သို့လုပ်ဆောင်သွားမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ ကျွန်တော် ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်ကို ပြည့်စုံစွာဖြေကြားနိုင်ရန်အတွက် လိုအပ်လာပါက အချိန်ကိုခွင့်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြထားအပ်ပါတယ်ခင်ဗျား။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် အထက်မြန်မာပြည်တွင်အခြေပြု၍ ပေးဆွဲလျက်ရှိတဲ့ ရေတိမ်သွားအမြန်ရေယာဉ်များရဲ့ ရေယာဉ်မတော်တဆမှုများ၊ ခရီးသည်နှင့် ကုန်စည်ဆုံးရှုံးမှုများ လျှော့ချနိုင်ရန်နှင့် ဘေးကင်းလုံခြုံစေရန်အတွက် ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေပုဒ်မ ၂၃ (ဂ) အရ အထက်မြန်မာပြည် ရေတိမ်သွားခရီးသည်တင်အမြန်ရေယာဉ်များ လိုက်နာရမည့် အခြေခံစံနှုန်းသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂၃၁/၂၀၁၆)ဖြင့်ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။

အဆိုပါ အမိန့်ကြော်ငြာစာတွင် အမြန်ရေယာဉ်တည်ဆောက်ရာ၌ လိုက်နာရမည့် စံချိန်စံနှုန်းများအနက် ရေယာဉ်ရဲ့ဦးပိုင်း၊ ခါးလည်နှင့် စက်ခန်းရှေ့တို့မှာ ရေလုံခန်း အနည်းဆုံးတစ်ခန်းစီထည့်သွင်းတည်ဆောက်ခြင်းနှင့်ပတ်သက်၍ စည်းကမ်းသတ်မှတ်ချက်များ ပါရှိပါတယ်။ အဆိုပါ အမိန့်ကြော်ငြာစာပါစံနှုန်းများအရ တည်ဆောက်ထားတဲ့ရေယာဉ်များ၊ မြင်းခြံမြို့ရဲ့အထက်ပိုင်း ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် ဆက်စပ်ဧရိယာများအတွင်းသာ သွားလာခုတ်မောင်းခွင့် ရှိမည်ဖြစ်ပါတယ်။ ကချင်ပြည်နယ် မြစ်ကြီးနား-ဗန်းမော်-ကသာ ခရီးစဉ်ပြေးဆွဲလျက်ရှိတဲ့ ရေယာဉ်များကို ရေယာဉ်များလိုက်နာရမည့် အခြေခံစံနှုန်းသတ်မှတ်ချက်များနှင့်အညီ ရေယာဉ်စစ်ဆေးခြင်းလုပ်ငန်းကို နှစ်စဉ်မတ်လအတွင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းတာစစ်ဆေးရေးအရာရှိ Surveyor များမှ သွားရောက်စစ်ဆေးဆောင်ရွက်ပေးလျက် ရှိပါတယ်။ ၂၀၁၇ ခုနှစ်အတွင်း မတ်လ ၁၈ ရက်နေ့မှ ၂၂ ရက်နေ့အထိ ဗန်းမော်၌ ခရီးသည်တင်ရေယာဉ် ၁၉ စီး၊ မြစ်ကြီးနား၌ ခရီးသည်တင်ရေယာဉ် ၁၈ စီး စုစုပေါင်း ရေယာဉ် ၃၇ စီး စစ်ဆေးပေးခဲ့ပါတယ်။ စစ်ဆေးပေးခဲ့သော ရေယာဉ်များအားလုံးသည် ရေလုံခန်းများကို သတ်မှတ်ထားသည့် အတိုင်းအတာအတိုင်း ထည့်သွင်းတည်ဆောက်ထားပြီး အသက်ကယ်အင်္ကျီ၊ အသက်ကယ်ဘောကွင်းနှင့် မီးသတ်ဆေးဘူးများပြည့်စုံမှုရှိကြောင်း တွေ့ရှိခဲ့ရပါတယ်။ ထိုသို့ စစ်ဆေးစဉ်ကာလအတွင်း လာရောက်စစ်ဆေးခံနိုင်မှုမရှိသည့် ရေယာဉ်များအနေနဲ့ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံးနှင့် ဆက်သွယ်၍ စစ်ဆေးမှု

ခံယူကြပါတယ်။ အထက်မြန်မာပြည်ရေတိမ်သွားခရီးသည်တင် အမြန်ရေယာဉ်များ လိုက်နာရမည့် အခြေခံစံနှုန်းသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာအမှတ်(၂၃၁/၂၀၁၆) မထုတ်ပြန်မီက တည်ဆောက်ထားခဲ့တဲ့ ရေယာဉ်များနှင့်စပ်လျဉ်း၍ အဆိုပါထုတ်ပြန်ထားသည့် စံနှုန်းသတ်မှတ်ချက်နှင့် မကိုက်ညီကြောင်း စစ်ဆေးတွေ့ရှိရပါက (၁)ရေလုံခန်းထည့်စေခြင်း၊ ချက်ချင်းဆောင်ရွက်နိုင်ခြင်းမရှိပါက လတ်တလော ရေယာဉ်ပြေးဆွဲမှုကို မထိခိုက်စေရန်အတွက် ခရီးသည်ဦးရေလျှော့၍တင်ဆောင်စေခြင်း၊ (၂) နောက်တစ်ကြိမ် ရေယာဉ်သက်တမ်းတိုးဆောင်ရွက်ချိန်တွင် ဒေါက်တင်ပြီးဆောင်ရွက်စေခြင်းနှင့် (၃) ဘေးလှိုင်းကာ (၁)ပေနှင့် စက်ခန်းလှိုင်းကာ (၂) ပေ တပ်ဆင်စေခြင်းတို့ဖြင့် ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ရေယာဉ်များဘေးအန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းပြေးဆွဲနိုင်ရေးအတွက် ၂၀၁၅ ခုနှစ်၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေ၊ ၂၀၁၅ ခုနှစ် မြန်မာ့ကမ်းရိုးတမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များက ပြဋ္ဌာန်းထားတဲ့ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေ၊ နည်းဥပဒေများ၊ အဆိုပါဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ ထုတ်ပြန်ထားတဲ့ညွှန်ကြားချက်၊ စည်းကမ်းသတ်မှတ်ချက်၊ အမိန့်ကြော်ငြာစာများနှင့်အညီ ရေယာဉ်များလိုက်နာဆောင်ရွက်ခြင်းရှိ/မရှိကို ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အသီးသီးက ဖွဲ့စည်းထားတဲ့ ခရိုင်/မြို့နယ်ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

ဗန်းမော်-ကသာ ခရီးစဉ်ပြေးဆွဲလျက်ရှိတဲ့ ရေယာဉ်များ၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ရေယာဉ်များမထွက်ခွာမီ ခရီးသည်တင်ဆောင်ရာတွင် လက်မှတ်အရေအတွက်ထက် ကျော်လွန်တင်ဆောင်ခြင်းရှိ/မရှိ၊ သတ်မှတ်ထားတဲ့အသက်ကယ်အင်္ကျီအရေအတွက်နှင့် တင်ဆောင်ခွင့်ပြုထားတဲ့ ခရီးသည်အရေအတွက်အတိုင်းရှိ/မရှိ၊ အသက်ကယ်အင်္ကျီများကို အသင့်အသုံးပြုနိုင်ရန် စီစဉ်ထားရှိခြင်းရှိ/မရှိတို့ကို ရေယာဉ်တစ်စီးဆိပ်ကမ်းမှ မထွက်ခွာမီ စစ်ဆေးခြင်းဆိုင်ရာလမ်းညွှန်ချက်ကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားပြီး ၎င်းလမ်းညွှန်ချက်များနှင့်အညီ ဖြစ်စေရေးအတွက် နေ့စဉ်စစ်ဆေးမှုများကို ကချင်ပြည်နယ် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီ၊ ရေယာဉ်စစ်ဆေးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များမှ ဆောင်ရွက်လျက်ရှိပါတယ်။

**မူကြမ်း**

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေနှင့်အညီ တည်ဆောက်ပြီးရေယာဉ်များကို တိုင်းတာစစ်ဆေးပြီး အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်(ရေယာဉ်လိုင်စင်)နှင့် လုပ်ငန်းလိုင်စင်တို့ကို ထုတ်ပေးပါတယ်။ အဆိုပါလိုင်စင်များထုတ်ပေးပြီးတဲ့အခါ ရေယာဉ်ပိုင်ရှင်သို့ ရေယာဉ်နှင့်ပတ်သက်တဲ့ အခွန်ကိစ္စစိစစ်နိုင်ရန် သက်ဆိုင်ရာပြည်တွင်းအခွန်များဦးစီးဌာနသို့ ဆက်သွယ်သတင်းပို့ဆောင်ရွက်ရန် အကြောင်းကြားပြီး မိတ္တူကိုဂင်းသက်ဆိုင်ရာပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးပို့ပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနကရေယာဉ်ပိုင်ရှင်အနေနဲ့ ကျသင့်သည့်အခွန်များ လာရောက်ပေးဆောင်ခြင်းမရှိကြောင်းကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အကြောင်းကြားလာပါက အဆိုပါ ရေယာဉ်ပိုင်ရှင်သို့ ရေယာဉ်လိုင်စင်နှင့် လုပ်ငန်းလိုင်စင်သက်တမ်းတိုးရာတွင် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားမပြသနိုင်ပါက အဆိုပါရေယာဉ်ပြေးဆွဲခွင့်ကို ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း အကြောင်းကြားဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီအပြင် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေအရ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များကို ရေယာဉ်အလိုက် စိစစ်ထုတ်ပေးခြင်းအတွက် လုပ်ငန်းလိုင်စင်ကြေးများကိုလည်း ကောက်ခံလျက်ရှိပါတယ်။ ရေယာဉ်လိုင်းများ၊ ရေယာဉ်အသင်းများ ဖွဲ့စည်းပြီးရေယာဉ်ခရီးစဉ်များ ပြေးဆွဲခွင့်ပြုခြင်းကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်ဖွဲ့စည်းထားတဲ့ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့များမှ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသဖြင့် မြို့နယ်ဖွံ့ဖြိုးရေးဟူသော ခေါင်းစဉ်တပ်ထားပါက သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးရဲ့ ပုဂ္ဂလိကရေယာဉ်များစနစ်တကျပြေးဆွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲသွားရန်လိုအပ်မည် ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်းကို မေးခွင့်ပြုပေးပါ။ ခုနနေရာကို Power Point ထိုးပြပေးပါ။ လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ပြန်လည်သုံးခွင့်ပြုပေးပါ။ ဒါကတော့ ကျွန်တော်တို့ ၉-၈-၂၀၁၇ ကနေပြီးမှ ရွှေကူဆိပ်ကမ်းမှာ သက်ဆိုင်တဲ့မြို့နယ်အုပ်ချုပ်ရေးမှူးရယ်၊ ရဲစခန်းမှူးနဲ့သွားရောက်ပြီးမှ ဒီရေယာဉ်

ကိုသွားပြီးမှ ကြည့်ရှုစစ်ဆေးခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ ကျွန်တော့်လည်း ဖုန်းနဲ့သတင်းပို့ပါတယ်။ ဒီရေယာဉ်မှာထားရှိတဲ့ Life Jacket တွေက လုံလောက်မှုမရှိဘူး။ စနစ်တကျမရှိဘူးဆိုတာလည်း ပေးပို့ပါတယ်။ ခုနလေးက ဝန်ကြီး ဖြေသွားတာကတော့ ဒါတွေဟာ လုံလောက်မှုရှိရှိနဲ့စနစ်တကျရှိတယ်ဆိုတဲ့ အကြောင်းဖြေသွားတာပါ။ အဲဒီအတွက်ကွဲလွဲမှုရှိနေပါတယ်။ ဒါကြောင့်မို့လို့ ဒီရေယာဉ်တွေကို အခုလိုမျိုး ခရီးသည်တွေရှေ့မှာ စစ်ဆေးမယ်ဆိုလည်း ခရီးသည်တွေရဲ့ ကြန့်ကြာမှုနဲ့ စိတ်အနှောင့်အယှက် ဖြစ်စေပါတယ်။ ဒါကြောင့်မို့လို့ စိတ်အနှောင့်အယှက်မဖြစ်အောင် ရှေ့ကူမှာ သတ်သတ်မှတ်မှတ်နဲ့ ကချင်ပြည်နယ်က ထုတ်ပြန်ထားတဲ့ရေယာဉ်ဥပဒေအရ ပုဂ္ဂလိကပိုင်များဆိုင်ရာရေယာဉ်ဥပဒေအရ ဒီဂိတ်ဖွင့်ပြီးမှ၊ ဒီဂိတ်က နေပြီးမှ ဒီရေယာဉ်တွေဟာ စနစ်တကျနဲ့ ခရီးသည်တွေအတွက် အသက်အန္တရာယ်ကို စိုးရိမ်စရာ မရှိအောင် ထားရှိဖို့အတွက်ကို ဂိတ်ဖွင့်ပြီးမှစည်းကြပ်ဖို့အတွက်က ဒီဝန်ကြီးဌာနအနေနဲ့ မည်သည့် အချိန်မှာ ဆောင်ရွက်ပေးမှုကို သိလိုတဲ့အတွက် ထပ်ဆင့်မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဇာနည်မင်းရဲ့မေးခွန်းအတွက် အထူးကျေးဇူးတင်ပါတယ်။ မှန်ပါတယ်။ ကျွန်တော်ဖြေကြားသွားတဲ့ထဲမှာ မတ်လအတွင်းမှာ စစ်ဆေးခဲ့တဲ့ရေယာဉ်တွေက ခုနက Life Jacket တို့၊ သက်ကယ်ဘောကွင်းတို့ဘာတို့ အစစအရာရာ မီးသတ်ဆေးဘူးတို့ ပြည့်စုံစွာရှိတယ်ဆိုတာ ကျွန်တော်တင်ပြသွားပါတယ်။ ဒါကလည်း ကျွန်တော်အမှန်အတိုင်း ပွင့်ပွင့်လင်းလင်းပြောရ မယ်ဆိုရင် ကျွန်တော်တို့စစ်ဆေးတဲ့အချိန်မှာတော့ ဒီရေယာဉ်ပိုင်ရှင်တွေကတော့ ပြည့်စုံအောင်ထားတာဖြစ် ကောင်းဖြစ်နိုင်ပါတယ်ခင်ဗျား။ အဓိကဒီမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသွားသလို ကျွန်တော် တို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ အနေနဲ့ကတော့ ဥပဒေများနှင့်အညီ သက်ဆိုင်တဲ့ညွှန်ကြားချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေ ကျွန်တော် တို့က ထုတ်ပြန်ထားပါတယ်။ ဒါနဲ့တစ်ဖက်ကလည်း ကျွန်တော်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂)အရ ဆိုရင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များဟာဆိုရင် တိုင်းဒေသကြီးနဲ့ပြည်နယ်အတွင်းရှိ ယာဉ်တွေ စနစ်တကျပြေးဆွဲရေးဆိုင်ရာဥပဒေပြုမှုအာဏာရှိတဲ့အတွက် သူတို့ကလည်း တိုင်းဒေသကြီး

အသီးသီး၊ ပြည်နယ်အသီးသီးကလည်း သူတို့ရဲ့ ဒီပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ပြီးတော့ မြို့နယ်/ရပ်ကွက်ရှိ စည်းကမ်းထိန်းသိမ်းရေး၊ စနစ်တကျ ပြေးဆွဲရေးကော်မတီများ၊ စစ်ဆေးရေးအဖွဲ့များဖွဲ့ပြီးတော့ စစ်ဆေးဆောင်ရွက်လျက် ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က ဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ ညွှန်ကြားချက်တွေထုတ်ထားပေမဲ့ အမှန်အတိုင်းပြောရရင်တော့ ကျွန်တော်တို့က Enforcements ပိုင်းမှာ အားနည်းမှုရှိပါတယ်။ ဥပမာ ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့ မိုးတွင်းကာလမှာဖြစ်ခဲ့တဲ့ ရေယာဉ်နစ်မြုပ်မှုတွေနဲ့ ပတ်သက်ပြီးတော့၊ ကျွန်တော်တို့က အခုအရှိန်အဟုန်မြှင့်ပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေနဲ့ ညှိနှိုင်းပြီး တော့ ကျွန်တော်တို့က ဒီဟာကို Enforcements ပိုင်းကို ပိုပြီးတော့ ပီပီပြင်ပြင်ထိထိ ရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ကျွန်တော်တို့က ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတွက်ကြောင့်လည်း ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသွားရေယာဉ်များကြီးကြပ်ရေးဥပဒေကို ပြီးခဲ့တဲ့လကဆိုရင် ပြင်ဆင်တဲ့နေရာမှာ နဂိုက ဗဟိုအဖွဲ့ရဲ့ဥက္ကဋ္ဌက ကျွန်တော် ဒုတိယဝန်ကြီးအနေနဲ့ ဆောင်ရွက်ပါတယ်။ ဒါပေမဲ့ အဲဒီမှာ ကျွန်တော်တို့က ပိုပြီးတော့ထိထိရောက်ရောက် တိုင်းဒေသကြီး/ပြည်နယ်တွေနဲ့ ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက်ဆိုပြီးတော့ ကျွန်တော်တို့က ပြည်ထောင်စုလွှတ်တော်ကိုတင်ပြပြီး တော့ ပြည်ထောင်စုဝန်ကြီးကို ဥက္ကဋ္ဌအဖြစ် ပြောင်းလဲဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ပြီးခဲ့တဲ့လ ၃၁ ရက်နေ့ ဇူလိုင်လမှာလည်း ပြည်ထောင်စုဝန်ကြီးဦးဆောင်ပြီးတော့၊ ကျွန်တော်တို့ကြီးကြပ်ရေး ဗဟို အဖွဲ့ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီးတော့ အစည်းအဝေးပြုလုပ်ပြီး တိုင်းဒေသကြီး/ပြည်နယ်တွေရဲ့ ကြီးကြပ်ရေးအဖွဲ့တွေကို ကျွန်တော်တို့ပြန်လည်ဖွဲ့စည်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့အရ ကျွန်တော်တို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနအနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနဲ့ ပူးပေါင်းပြီးတော့ ရေယာဉ်ဖြင့် ခရီးသွား ပြည်သူတွေ ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက်ကို ဂရုတစိုက်နဲ့ဆောင်ရွက်လျက်ရှိ ကြောင်း ကျွန်တော် ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မြန်မာနိုင်ငံ သစ်တောဝန်ထမ်းများ၏လုံခြုံရေးအတွက် ယခင်ကကဲ့သို့ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ကာ လက်နက်များပြန်လည်တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ် (တောင်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ မြန်မာနိုင်ငံ သစ်တောများထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ တာဝန်ယူဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံသစ်တော ဝန်ထမ်းများလုံခြုံရေးအတွက် ယခင်ကကဲ့သို့ စနစ်တကျလေ့ကျင့်သင်ကြားပေး၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများသတ်မှတ်ကာ သေနတ်၊ လက်နက်များပြန်လည်တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်ကာလတွင် တပ်ဆင်ပေးမည်၊ မတပ်ဆင်ပေးနိုင်ပါက သစ်တောဝန်ထမ်းများလုံခြုံရေးမည်ကဲ့သို့ ပြည့်စုံစွာစီစဉ်ဆောင်ရွက်ပေးမည်ဆိုတဲ့မေးခွန်းဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ သစ်တောများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ သစ်တောဦးစီးဌာနမှ ထိန်းသိမ်းနေရပါတယ်။ ထိန်းသိမ်းနေရတဲ့သစ်တောများမှာ ကြိုးဝိုင်းတော ၈၂၉ ခု၊ ဧက ၂၉ သန်းကျော်၊ ကြိုးပြင်ကာကွယ်တော ၃၅၄ ခု၊ ဧက ၁၁ သန်းကျော် စုစုပေါင်း ၄၁ သန်းကျော် စတုရန်းမိုင် ၆၄၀၀၀ ကျော်၊ သဘာဝနယ်မြေ ၄၀ ခု၊ ဧက ၉၆၀၀၀၀၀ ကျော် စတုရန်းမိုင် ၁၅၀၀၀ ကျော်ကို ထိန်းသိမ်းစောင့်ရှောက်နေရပါတယ်။ ထိန်းသိမ်းစောင့်ရှောက်နေတဲ့ ဝန်ထမ်းတွေကို ကြည့်မယ်ဆိုရင် ကွင်းဆင်းသစ်တောဝန်ထမ်းဦးရေဟာ ၅၈၇၂ ဦးရှိတဲ့အတွက် သစ်တောဝန်ထမ်းတစ်ဦးလျှင် ဧက ၈၀၀၀ ကျော် ၁၀ စတုရန်းမိုင်ကို ထိန်းသိမ်းစောင့်ရှောက်နေတဲ့ အနေအထား ဖြစ်တယ်ဆိုတာကို တွေ့မြင်ရမှာဖြစ်ပါတယ်ခင်ဗျား။

ထို့အပြင် သစ်တောဝန်ထမ်းများအနေဖြင့် မြန်မာနိုင်ငံသစ်တောများ ပြုစုပျိုးထောင်နေရမည့် စိုက်ခင်းများကတော့ သစ်တောစိုက်ခင်း ၃၅၀၀၀၀ ကျော်၊ ပုဂ္ဂလိကသစ်တောစိုက်ခင်း ၂၈၀၀၀၀

ကျော်ကိုလည်းပြည့်မီအောင် စိုက်ပျိုးနေကြရပါတယ်။ သစ်တောများ၊ သဘာဝနယ်မြေများ ထိန်းသိမ်းကာကွယ်ကြရာ၌ ပြည်စုပျိုးထောင်ခြင်းလုပ်ငန်းများလုပ်ဆောင်ရာမှာ အဓိကအခက်အခဲများကတော့ သစ်ခိုးထုတ်မှုအန္တရာယ်နှင့် ကန့်သတ်တိရစ္ဆာန်များသတ်ဖြတ်ခံရမှု ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှယနေ့ထိပင် ဖမ်းဆီးသစ်တန် ၅၀၀၀၀ ကျော်ရှိပါတယ်။ မဖမ်းမိသေးတဲ့သစ်များစွာရှိတာကိုလည်း ခန့်မှန်းနိုင်ပါတယ်ခင်ဗျား။ ဒီလိုတရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖော်ထုတ်ဖမ်းဆီး ဆောင်ရွက်နေစဉ်မှာ ဝန်ထမ်းများအား ရန်ပြုတိုက်ခိုက်ခြိမ်းခြောက်ခံရသည့်ဖြစ်စဉ်များလည်း ရှိနေပါတယ်။ ပဲခူးရိုးမတစ်ခုတည်းမှာပဲ ၁၆ ကြိမ်တိုက်ခိုက်ခံရပြီးတော့ တစ်နိုင်ငံလုံးအနေဖြင့်ကတော့ အရာထမ်းတစ်ဦး၊ အမှုထမ်းရှစ်ဦး နိုင်ငံတော်အတွက်အသက်စွန့်လွှတ်ခဲ့ပြီးတော့ ၄၀ ဦးကပြင်းထန်စွာဒဏ်ရာရရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်ခိုးထုတ်မှုအပြင် တောရိုင်းတိရစ္ဆာန်များ ဆင်၊ ကျား၊ ကျားသစ်၊ ရွှေသမင်နှင့် ကန့်သတ်ရှားပါးတိရစ္ဆာန်များ သတ်ဖြတ်ခံရမှုဟာလည်းရှိနေပါတယ်။ ၂၀၁၀ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ဆင်သတ်ဖြတ်သေဆုံးမှုအကောင်ရေက ၁၄၇ ကောင်ရှိကြောင်းကို စာရင်းများအရဖော်ပြထားပါတယ်။ ယခင်တုန်းကတော့ သစ်တောဝန်ထမ်းများလုံခြုံရေးနှင့် သစ်တောထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် လက်နက်များတပ်ဆင်ပေးခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်မှာတော့ ပြန်လည်အပ်နှံခဲ့ရပါတယ်။ ထို့ကြောင့် သစ်တောဝန်ထမ်းများ လုံခြုံမှုအားနည်းခဲ့ကြရပါတယ်။ သို့ဖြစ်ပါ၍ ယနေ့အချိန်ကာလတွင် အမှန်တကယ်လိုအပ်နေသော မြန်မာနိုင်ငံသစ်တောများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ တာဝန်ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ သစ်တောဝန်ထမ်းများအတွက် ယခင်ကကဲ့သို့စနစ်တကျလေ့ကျင့်၍ ဥပဒေလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများသတ်မှတ်ကာ သေနတ်၊ လက်နက်များပြန်လည်တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်ကာလတွင် တပ်ဆင်ပေးမည်၊ မရှိပါက မည်ကဲ့သို့သစ်တောဝန်ထမ်းများလုံခြုံရေးကို ဆောင်ရွက်ပေးမည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ရဲ့ မြန်မာနိုင်ငံသစ်တောများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတာဝန်များ တာဝန်ယူဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ သစ်တောဝန်ထမ်းများရဲ့ လုံခြုံရေးအတွက် ယခင်ကကဲ့သို့ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများသတ်မှတ်ကာ သေနတ်၊ လက်နက်များ ပြန်လည်တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်တွင် တပ်ဆင်ပေးမည်၊ မတပ်ဆင်ပေးနိုင်ပါက သစ်တောဝန်ထမ်းများ၏လုံခြုံရေးကို မည်ကဲ့သို့ပြည့်စုံစွာစီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ဝန်ကြီးဌာနဟာ ဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ သစ်တောဦးစီးဌာနဟာ နိုင်ငံတော်ရဲ့ သစ်တောသယံဇာတများကို ရေရှည်စဉ်ဆက်မပြတ်အသုံးပြုနိုင်ရန် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီးတော့ တရားမဝင်သစ်ခိုးထုတ်မှုများ၊ သယ်ဆောင်မှုများကိုလည်းပဲ တားဆီးကာကွယ်ပေးတဲ့လုပ်ငန်းများကို ဦးစားပေးလုပ်ငန်းတစ်ရပ်အနေနဲ့ တပ်မတော်အပါအဝင် ဆက်စပ်အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီးတော့ ကာကွယ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ ခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့အတိုင်းပါပဲ။

ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကနေပြီးတော့ အဲဒီမှာ တရားမဝင်သစ်ကလည်း ၅၀၀၂၆ တန်ဖမ်းဆီးခဲ့ပါတယ်။ ဒီအတိုင်းပဲ တရားခံကအားလုံးပေါင်း ၂၁၈၈ ဦးနှင့် ယာဉ်/ယန္တရားပေါင်း ၉၇၃ စီးကိုလည်း ကျွန်တော်တို့ဖမ်းဆီးခဲ့ပါတယ်။ ခုနက ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ဝန်ထမ်းနဲ့ ကာကွယ်စောင့်ရှောက်ရတာလည်း မျှမျှတတမရှိပါဘူး။ ဝန်ထမ်းတစ်ဦးကို ဧက ၈၀၀၀ ကျော် ကာကွယ်စောင့်ရှောက်ရပါတယ်။ ဒါကြောင့်မို့လို့ မလုံလောက်တဲ့အနေအထားမှာ တရားမဝင်သစ်မှောင်ခိုမှုများရဲ့ အုပ်စုဖွဲ့ပြီးတော့ ရန်ပြုတိုက်ခိုက်ခံရမှုများ၊ တရားမဝင်သစ်ခိုးထုတ်လုပ်ငန်းမှာ ပါဝင်ပတ်သက်နေတဲ့အချို့သောအဖွဲ့အစည်းများရဲ့ ပစ်ခတ်ခြင်း၊ ပြန်ပေးဆွဲခြင်းများကိုလည်းခံရပါတယ်။ အဲဒါကြောင့်

မို့လို့ ခုနကကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အတိုင်းပါပဲ။ လက်ထောက်ညွှန်ကြားရေးမှူး အပါအဝင် လက်ထောက်ဝန်ထမ်းငယ်များ သေကျေပျက်စီးဒဏ်ရာရရှိတာကိုလည်းပဲ သိရှိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဝန်ထမ်းအင်အားကို ဖြည့်ဆည်းရန်အတွက် လက်ရှိ ၁၅၄၄၉ ဦး ကနေပြီးတော့ ၁၈၀၂၄ ဦး တိုးချဲ့ဖွဲ့စည်းခွင့်ရရန်အတွက်လည်း အထက်ဌာနအဆင့်ဆင့်ကို တင်ပြထားရှိပြီးတော့ ခွင့်ပြုချက်ရရှိရေးကိုလည်းပဲ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ့အပြင် တရားမဝင် သစ်ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းမှာ ကျွန်တော်တို့ဝန်ထမ်းများရဲ့ အနီးကပ်လုံခြုံရေးဆောင်ရွက်နိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ သစ်တောလုံခြုံရေးရဲတပ်ရင်းနှစ်ရင်းဖွဲ့ပြီးတော့ ရဲတပ်ဖွဲ့ဝင်များကို အရေးတကြီးလိုအပ်လျက်ရှိတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခုမှာရှိတဲ့ ခရိုင် ၁၇ ခုမှ အားလုံး ၂၄၀ ဦးကို ကျွန်တော်တို့ လုံခြုံရေးအရပူးပေါင်းပြီးဆောင်ရွက်လျက်ရှိပါတယ်။

ခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့အတိုင်းပါပဲ။ သဘာဝနယ်မြေအတွင်းမှာရှိတဲ့ ဝန်ထမ်းများဟာ လုံခြုံရေးအတွက် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်နှင့် ချပ်သင်းဘေးမဲ့တောဝန်ထမ်းများကို စစ်သင်တန်းနှင့် လက်နက်ငယ်သင်တန်းများကို သက်ဆိုင်ရာ တိုင်းဌာနချုပ်အစီအစဉ်နဲ့လေ့ကျင့်ပြီးတော့ ကာကွယ်ရေးဦးစီးချုပ်ရုံး၊ ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်များ၊ ညွှန်ကြားရေးမှူးလက်အောက်မှာရှိတဲ့ ပြည်သူ့စစ်(ဌာနေ)ဝန်ထမ်းများအဖြစ် ပြည်သူ့စစ်ကိုယ်ပိုင်နံပါတ်ပေးအပ်ကာ ပြည်သူ့စစ်လက်နက်ငယ်များတပ်ဆင်ပေးပြီးတော့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိပါတယ်။

ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့အရင်တုန်းက ကိုင်ဆောင်ခဲ့တဲ့ လက်နက်ပေါင်း ၃၇၁ လက်ကိုလည်းပဲ ၁၉၉၈ ခုနှစ်မှာ နိုင်ငံတော်ရဲ့ခွင့်ပြုချက်အရ ပြန်အပ်ခဲ့ရပါတယ်။ ဒီနေရာမှာအလျဉ်းသင့်လို့ ပြောရမယ်ဆိုရင် ကျွန်တော်တို့ Forest Arm ဟာ လွတ်လပ်ရေးရပြီးကတည်းကရှိပါတယ်။ ၁၉၆၂ ခုနှစ်မှာပြန်လည်ပြီးတော့ ဖျက်သိမ်းခြင်းခံရပါတယ်။ ဒီမှာ ၁၉၄၉ ခုနှစ်မှာ ပျဉ်းမနားမြို့ကို သောင်းကျန်းသူတွေတိုက်ခိုက်တာကို သစ်တောမင်းကြီး ဦးစောလင်းအပါအဝင် သစ်တောဝန်ထမ်းများက ပူးပေါင်းပြီးတော့ ကာကွယ်ခဲ့တဲ့အတွက်ကြောင့် မို့လို့ သစ်တောမင်းကြီးကလည်းပဲ သီဟဗလဘွဲ့ရရှိခဲ့သလို အဲဒီမှာကျဆုံးသွားခဲ့တဲ့ သစ်တောဝန်ထမ်းများကလည်းပဲ သီဟဗလဘွဲ့များကို ချီးမြှင့်ခြင်းခံရပါတယ်။

လက်ရှိအခြေအနေမှာ သစ်တောဝန်ထမ်းများ လက်နက်တပ်ဆင်ပေးရန်နဲ့ ပတ်သက်ပြီးတော့ အကန့်အသတ်ငါးခုရှိကြောင်း တွေ့ရှိပါတယ်။ (က) ၂၀၀၈ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ

အခန်း(၇) ပုဒ်မ ၃၃၈ မှာ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင်ရှိရမည်ဟု ပြဋ္ဌာန်းထားခြင်း၊ (ခ) လက်ရှိ ရိုင်ဖယ်နဲ့စတင်းလက်နက်များ တပ်ဆင်ထားတဲ့ ချပ်သင်းဘေးမဲ့တောနှင့် အလောင်းတော်ကဿပအမျိုးသားဥယျာဉ်ရှိ သစ်တော ဝန်ထမ်းများကို ပြည်သူ့စစ်(ဌာနေ)ဝန်ထမ်းအဖြစ် တပ်မတော်ကသတ်မှတ်ကာ လက်နက်များ ထုတ်ပေးကိုင်ဆောင်ခွင့်ပြုပြီး လက်နက်ကိုင်ဆောင်ခြင်းနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာနယ်မြေခံ တပ်ရင်းရဲ့ကွပ်ကဲမှုအောက်တွင်ဖြစ်ခြင်း၊ (ဂ) လက်နက်ကိုင်အဖွဲ့အစည်းတစ်ရပ်အဖြစ် ဆောင်ရွက်လို ပါက ဥပဒေ၊ နည်းဥပဒေအသစ်ပြင်ဆင်ရေးဆွဲရန် လိုအပ်မည်ဖြစ်သည့်အပြင် လက်နက်ကိုင် အဖွဲ့အစည်းများ၏ အခြေခံလိုအပ်မည့်ဖွဲ့စည်းပုံကိုလည်းပဲ ပြန်လည်ဖွဲ့စည်းရန် လိုအပ်မည်ဖြစ်ပါ တယ်။ (ဃ) လက်နက်နှင့်ပတ်သက်ပြီးတော့ ကိုင်ဆောင်မှု၊ ထိန်းသိမ်းမှု၊ သိုလှောင်မှုစတဲ့ကျွမ်းကျင်မှု များနှင့်ပတ်သက်ပြီး ဝန်ထမ်းများကို အချိန်ယူလေ့ကျင့်သင်ကြားပေးရန် လိုအပ်တဲ့အပြင် ဗဟိုကင်း/ လက်နက်တိုက်အစ အခြေခံအဆောက်အဦများကိုလည်းပဲ ကြိုတင်ဆောက်လုပ်ရန် လိုအပ်မည် ဖြစ်ပါတယ်။ (င) လက်နက်ကိုင်ဆောင်မယ့် ဝန်ထမ်းများရဲ့စွမ်းဆောင်ရည်မြှင့်တင်ရန်၊ လေ့ကျင့် သင်ကြားပေးရန်နှင့် အခြားအကျိုးဆက်များကိုလည်းပဲ လေ့လာဆန်းစစ်ရန်လိုအပ်ပါတယ်။

သို့ဖြစ်ပါ၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သစ်တောဝန်ထမ်းများအား သေနတ်၊ လက်နက်ပြန်လည်တပ်ဆင်ပေးရန်ကိစ္စနှင့်ပတ်သက်၍ ချပ်သင်း ဘေးမဲ့တောနှင့် အလောင်းတော်ကဿပအမျိုးသားဥယာဉ်ရှိ သစ်တောဝန်ထမ်းများကို ပြည်သူ့စစ် (ဌာနေ)ဝန်ထမ်းအဖြစ် တပ်မတော်မှသတ်မှတ်ပေးကာ လက်နက်များထုတ်ပေးကိုင်ဆောင်ခွင့်ပြုထား သကဲ့သို့ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကျွန်တော်တို့ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပထမမေးခွန်းကို လေးစားစွာဖြေကြားအပ်ပါတယ်။ ဒုတိယမေးခွန်းနဲ့ပတ်သက်ပြီးတော့ သစ်တောဝန်ထမ်းများရဲ့လုံခြုံရေးနဲ့ပတ်သက်ပြီးတော့ စီမံခန့်ခွဲထားတာကတော့ (က) နယ်မြေဧရိယာ ကျယ်ဝန်း၍ ပြည်သူ့စစ်အသွင်ဖြင့် စဉ်ဆက်မပြတ်လှုပ်ရှားစိုးမိုးရန် လိုအပ်သည့်နယ်မြေများမှာ သက်ဆိုင်ရာတိုင်းဌာနချုပ်များနှင့်ညှိနှိုင်းပြီး ပြည်သူ့စစ်(ဌာနေ)ဝန်ထမ်းများလိုအပ်ပါက ထပ်မံတိုးချဲ့ ဖွဲ့စည်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ (ခ) ပုံမှန်သစ်တောထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန် သစ်တောရဲတပ်ဖွဲ့များနှင့် ပိုမိုပေါင်းစပ်ညှိနှိုင်းကာ လိုအပ်တဲ့နေရာများမှာ တပ်ဖွဲ့ဝင်အင်အားတိုးမြှင့်ခြင်းတို့ကိုဆောင်ရွက်လျက်ရှိပြီး လက်ရှိဖြန့်ဝေ ပေးထားတဲ့အင်အားထက် ပိုမိုလိုအပ်ပါက ပြည်ထဲရေးဝန်ကြီးဌာနနဲ့ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်

သွားမှာ ဖြစ်ပါတယ်။ (ဂ) တပ်မတော်လုံခြုံရေး အကာအကွယ်ရယူရန်အတွက် လိုအပ်တဲ့နယ်မြေများမှာ သက်ဆိုင်ရာတိုင်းဌာနချုပ်များ၊ နယ်မြေခံတပ်ရင်းများသို့ အကူအညီတောင်းခံပြီးတော့ ပေါင်းစပ်ညှိနှိုင်းသွားမှာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပင်လည်ဘူးမြို့နယ်၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောအတွင်း ကျရောက်နေသော လယ်ယာမြေများကို စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမင်းနောင်(ပင်လည်ဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေသခံမဲဆန္ဒရှင် တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားမြှင့်တင်နိုင်ရေးနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ယခုမေးမယ့်မေးခွန်းနှင့်ပတ်သက်လို့ ၆-၅-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးမှာ မေးမြန်းခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြေကြားခဲ့တဲ့အခါမှာ ပင်လည်ဘူးမြို့နယ်အတွင်းရှိ ဘိုးဘေးဘီဘင်လက်ထက်မှစ၍ စိုက်ပျိုးလုပ်ကိုင်ခဲ့သော လယ်ယာမြေများသည် သစ်တောကြိုးဝိုင်းကာကွယ်တောအတွင်း ကျရောက်နေပါသဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သစ်တောမြေအဖြစ်က ပယ်ဖျက်ပြီးမှသာ လယ်ယာမြေပုံစံ(၇)ကို သက်ဆိုင်ရာလယ်ယာလုပ်ကိုင်သူများအား ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်မှာ သစ်တောကြိုးဝိုင်း ၁၂ ခု၊ ကြိုးပြင်ကာကွယ်တော ၁၁ ခု၊ အဆိုပြုကာကွယ်တော ၁၀ ခု စုစုပေါင်းဧရိယာဧက ၆၈၉၃၇၂ ဧကရှိပါတယ်။ သစ်တောဖုံးလွှမ်းဧရိယာမှာ မြို့နယ်ရဲ့ ၈၄.၉ ရာခိုင်နှုန်းဖုံးလွှမ်းနေပြီးတော့ အထက်ဖော်ပြပါ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောအတွင်း တောင်သူ ၂၄၀၉ ဦးတို့ဟာ လုပ်ကိုင်စားသောက်နေကြပြီး လယ်ယာမြေဧက ၇၁၂၅ ဧကဟာ ဘိုးဘွားစဉ်ဆက်လုပ်ကိုင်ခဲ့ကြပါတယ်။ စိုက်ပျိုးရေးကိုသာ အဓိကအသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ လယ်သမားများအနေနဲ့ ငွေကြေး

ခက်ခဲပြီး ပြည့်စုံမှုမရှိတာကိုလည်း ကျွန်တော်တို့ မျက်မြင်တွေ့ရှိခဲ့ရပါတယ်။ လယ်ယာမြေအချို့မှာ မြို့နယ်မြေစာရင်းဦးစီးဌာနရဲ့ ၁၉၇၄-၁၉၇၅ ခုနှစ်ကစပြီး မူလအတိုင်း ကွင်းမြေပုံများရှိခဲ့ကြပြီး ၂၀၁၁ ခုနှစ်အထိ မြေခွန်စည်းကြပ်ခဲ့ပါတယ်။ ၎င်းလယ်ယာမြေများကို သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ ၃-၆-၂၀၁၁ ရက်စွဲပါကြေညာစာအမှတ်(၁၂၄/၂၀၁၁)အရ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။ ယင်းသတ်မှတ်ချက်များကို ပယ်ဖျက်ပေးနိုင်ရန် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်မှ သက်ဆိုင်ရာသစ်တောဦးစီးဌာနအဆင့်ဆင့်သို့ ဆက်သွယ်ဆောင်ရွက်ခဲ့သော်လည်း ယခုအချိန်အထိ ပယ်ဖျက်ပေးနိုင်ခြင်း မရှိသေးပါ။ အထက်ဖော်ပြပါကိစ္စများနှင့် စပ်လျဉ်းပြီး ကျွန်တော်တို့မြို့နယ်အတွင်းသို့ ပြင်ပ CSO အဖွဲ့တစ်ခုမှလာရောက်ပြီး တောင်သူများအတွက် ပုံစံ(၇)ရရှိရေးဆောင်ရွက်ပေးမည်ဟု ပြောဆိုစည်းရုံးပြီး ငွေကြေးတစ်စုံတစ်ရာကောက်ခံနေကြောင်းလည်း ကြားသိရသဖြင့် မသိနားမလည်သော တောင်သူများအနေနဲ့ နစ်နာမှုများ ရှိနေကြရပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ပင်လည်ဘူးမြို့နယ်အတွင်းရှိ ရှေးဘိုးဘွားစဉ်ဆက်လုပ်ကိုင်ခဲ့ကြပြီး ယခုအခါ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောအတွင်းကျရောက်နေသော လယ်ယာမြေများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ လယ်ယာမြေအဖြစ် စွန့်လွှတ်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင် မေးမြန်းတဲ့ ပင်လည်ဘူးမြို့နယ်အတွင်းရှိ ရှေးဘိုးဘွားစဉ်ဆက် လယ်ယာလုပ်ကိုင် စားဝတ်နေရေးဖြေရှင်းဆောင်ရွက်ခဲ့သော ဒေသခံတောင်သူများအား အကျိုးစီးပွားမြှင့်တင်နိုင်ရေးအတွက် ကြိုဝိုင်း/ကြိုးပြင်ကာကွယ်တောအတွင်းကျရောက်နေသော လယ်ယာမြေများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ လယ်ယာမြေအဖြစ် စွန့်လွှတ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ပြီး

ကျွန်တော် ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါ။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်းပါပဲ။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်မှာ ကြိုးဝိုင်းပေါင်း ၁၂ ခု၊ ကြိုးပြင်ကာကွယ်တော ၁၃ ခုနှင့် ဧကပေါင်း သုံးသိန်းကျော်ရှိပါတယ်။ ထိုနည်းတူ ကြိုးပြင်ကာကွယ်တောရှစ်ခုကိုလည်း အဆိုပြုထားတာရှိပါတယ်။ ဒီကြိုးဝိုင်းတောတွေဟာ ၁၉၈၄ ခုနှစ်ကစပြီးတော့ ၁၉၁၅ ခုနှစ်အထိ ကိုလိုနီခေတ်အတွင်းက ဖွဲ့စည်းခဲ့တဲ့ ကြိုးဝိုင်းကြီးများဖြစ်ပါတယ်။ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောကို ဖွဲ့စည်းရာမှာ ကြေးတိုင်အဆင့်ဆင့်ဆောင်ရွက်ရာမှာ ဖွဲ့စည်းခဲ့တဲ့ရည်ရွယ်ချက်ဧရိယာအတွင်းမှာ ဆိုင်ရာဆိုင်ခွင့်ရှိသူများနှင့် တောင်ယာစိုက်ပျိုးလျက်ရှိသူများ အခွင့်အရေးများကို မဆုံးရှုံးစေရန်စိစစ်ပြီး ဆောင်ရွက်လျက်ရှိပြီးတော့ ကြိုးဝိုင်း/ကြိုးပြင် မဖွဲ့မီကတည်းကလယ်ယာလုပ်ကိုင်သူများကိုလည်းပဲ ဖွဲ့စည်းပြီးတဲ့အခါမှာ လုပ်ကိုင်ခွင့်ရအောင် ဆက်လက်ပေးလျက်ရှိပါတယ်။ ပင်လည်ဘူးမြို့နယ်အတွင်း ဖွဲ့စည်းခဲ့တဲ့ကြိုးဝိုင်းများဟာ နှစ်ပေါင်းရာနှင့်ချီပြီးကြာတဲ့အတွက်ကြောင့်မို့လို့ ဘိုးဘွားဘီဘင်လက်ထက်က လုပ်ကိုင်လာကြသူများ မဟုတ်ဘဲနဲ့ တစ်စတစ်စနှင့် တစ်ဖြည်းဖြည်း ကျူးကျော်လုပ်ကိုင်လာကြသူများဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ပင်လည်ဘူးမြို့နယ်အတွင်းမှာ ၂၀၁၁ ခုနှစ်ကနေစပြီးတော့ ကြိုးပြင်ကာကွယ်တောများ ဖွင့်တဲ့အခါမှာ ဆိုင်ရာဆိုင်ခွင့်ပေးတာလေး ကျွန်တော် Power Point မှာ တင်ပြထားပါတယ်။ တောင်သူပေါင်း ၉၁၁ ဦးကို ဧကပေါင်း ၃၉၀၉.၁ ဧက ဆိုင်ရာဆိုင်ခွင့်ပေးထားခဲ့ပြီးဖြစ်ပါတယ်။ အခုနက ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်းပါပဲ။ နိုင်ငံတော်သမ္မတရုံးရဲ့အမိန့်ကြော်ငြာစာအရ ကြိုးဝိုင်းတွေထဲကနေပြီးတော့ လယ်ယာမြေများကို အဆင့်(၄)ဆင့်နဲ့ ပယ်ဖျက်ပေးပါတယ်။ ဒီနေရာမှာ ပြည်ထဲရေး အမည်ပေါက် အိမ်ခြေ ၅၀ နှင့်အထက်၊ အိမ်ခြေ ၅၀ အောက်၊ ပြည်ထဲရေးအမည်မပေါက် အိမ်ခြေ ၅၀ နှင့်အထက်၊ အိမ်ခြေ ၅၀ အောက်ဖြစ်ပြီးတော့ အိမ်ခြေ ၅၀ အောက် ပြန့်ကျဲအိမ်ထောင်စုများမှ ပြင်ပမှ ကျူးကျော်ဝင်ရောက်လာသူ လယ်ယာမြေများကို ဆက်လက်စိစစ်ပြီးတော့ ဖွဲ့စည်းနေရာချထားပေးပြီးတော့ သစ်တောမြေအဖြစ်က ပယ်ဖျက်ပေးပါမယ်။

ဒါနဲ့ပတ်သက်လို့ ပြန့်ကျဲနေတဲ့ အခုနက ကိုယ်စားလှယ်ကြီးတင်ပြတဲ့ အိမ်ထောင်စုများအတွက် ဆိုလို့ရှိရင် ကျွန်တော် အချိန်ယူပြီးတော့ ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရကနေပြီးတော့ ပူးပေါင်းပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်ဒီမှာ ပင်လည်ဘူးဒေသမြို့နယ်အတွင်းမှာ ကြိုးဝိုင်း/ကြိုးပြင်အတွင်းမှာ ကျူးကျော်နေတဲ့လယ်ယာမြေများနှင့် သာသနာမြေစာရင်းလေးလည်း တင်ပြထားပါတယ်။ ဒီမှာလည်းပဲ အိမ်ခြေ ၅၀ နှင့် အခုနကပြောတဲ့ ပြည်ထဲရေး

အမည်ပေါက် အိမ်ခြေ ၅၀ နှင့်အထက် ငါးရွာအတွက်ကိုလည်းပဲ လယ်မြေပေါင်း ၅၂၀.၇၂၃ ဧက၊ သာသနာမြေအဖြစ်လည်း ၆၈၀.၂ ဧကကို ပယ်ဖျက်ပြီးပါတယ်။ သို့သော်လည်းပဲ ကြိုးဝိုင်းအတွင်းမှာ မနေဘဲနဲ့ နီးစပ်ရာကနေပြီးတော့ သစ်တောကြိုးဝိုင်းထဲကို ဝင်ရောက်တဲ့ လယ်မြေဧကကတော့ ၃၁၉၉.၂၁ ဧကရှိကြောင်း သိရပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာတွေကို ကြိုးဝိုင်းအတွင်းမှာ မူလရှိခဲ့တဲ့ လူများကိုတော့ လယ်များကို ပယ်ဖျက်ပြီးတော့ ယာများကိုတော့ သီးနှံသစ်တောရောနှော စိုက်ပျိုးနည်းစနစ်နဲ့ ဆက်လက်လုပ်ကိုင်စေခဲ့ပါတယ်။ အဲဒီနည်းတူပဲ ပင်လည်ဘူးမှာ ဥယျာဉ်ခြံမြေ လုပ်တဲ့ မြေ ၁၀ ဧကကိုလည်းပဲ သစ်တောစည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေနှင့်အညီ စာချုပ်ပြီးတော့ ဆက်လက်ဆောင်ရွက်စေခဲ့ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ သစ်တောမြေကနေပြီးတော့ ပယ်ဖျက်ပေးမယ့်လယ်များကို လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇) ထုတ်ပေးခြင်းနှင့်ပတ်သက်ပြီးတော့ တောင်သူပေါင်း ၂၄၀ ဦး၊ ဦးပိုင်(၂၀၉)၊ ဧရိယာ ၅၂၂ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)များထုတ်ပေးပြီးကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ပါဝင်တဲ့ CSO အဖွဲ့နှင့်ပတ်သက်ပြီးတော့ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော မှာ လာပြီးတော့ ပုံစံ(၇)ရရန်အတွက် စည်းရုံးပြီးတော့ ငွေကြေးတောင်းခံခြင်းနှင့်ပတ်သက်ပြီးတော့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနက မသိရှိပါကြောင်းနှင့် ပါဝင်ပတ်သက်မှု မရှိပါကြောင်းကိုလည်းပဲ ဖြေကြားချက်များအရ သိရပါတယ်။ ကျွန်တော်တို့အနေနဲ့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့မှာကျင်းပတဲ့ ရာသီဥတုပြောင်းလဲမှုအတွက် မြန်မာနိုင်ငံကနေပြီးတော့ နိုင်ငံတော်ဧရိယာရဲ့ ၃၀ ရာခိုင်နှုန်းကို ကြိုးဝိုင်း၊ ၁၀ ရာခိုင်နှုန်းကို သဘာဝနယ်မြေအဖြစ် ကတိပြုထားပါတယ်။

ဒါကြောင့်မို့ လောလောဆယ်မှာဖြင့် ၂၄.၈၃ ပဲ ကြိုးဝိုင်းအနေနဲ့ဆိုပြီးတော့ သဘာဝနယ်မြေက ၅.၇၉ ဖြစ်ပါတယ်။ ဆက်လက်လုပ်ကိုင်ရန်အတွက် ကျန်ပါသေးတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ တင်ပြရမယ်ဆိုလို့ရှိရင် ယခုကိုယ်စားလှယ်ကြီးတင်ပြတဲ့လယ်ယာများကို လောလောဆယ်အားဖြင့် ပယ်ဖျက်ပေးနိုင်ခြင်းမရှိသေးဘဲနဲ့ သင့်လျော်တဲ့အချိန်ရောက်တဲ့အခါမှာ ပယ်ဖျက်ပေးရန် အမြန်ဆုံး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဗန်းမောက်မြို့နယ်အတွင်း အုပ်စုဖွဲ့သစ်ခိုးထုတ်နေမှုများအား မည်သို့တားဆီးအရေးယူဆောင်ရွက်ပေးမည်နှင့် စနစ်တကျစီမံကိန်းချ၍ သစ်ခိုးထုတ်နေမှုအား စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်စိုး(ဗန်းမောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဗန်းမောက်မြို့နယ်အတွင်းမှာ အုပ်စုဖွဲ့သစ်ခိုးထုတ်နေမှုများအား မည်သို့တားဆီးအရေးယူဆောင်ရွက်ပေးမည်နှင့် စနစ်တကျစီမံကိန်းချ၍ သစ်ခိုးထုတ်နေမှုအား စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်ပေးပါရန် ကိစ္စနှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်ဟာ ၁၃၁၉.၇၇၉ စတုရန်းမိုင်ကျယ်ဝန်းပြီးမှ တောတောင်ထူထပ်တဲ့မြို့နယ်ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်အတွင်းမှာဆိုလို့ရှိရင် ဗန်းမောက်၊ ပင်လည်ဘူးမြို့နယ်များမှာ တောတောင်ပေါက်များရှိပါတယ်။ ကျွန်း၊ တမလန်း၊ အင်ကြင်းများ များစွာပေါက်ရောက်ပြီးမှ ကျွန်းသစ်နှင့် တမလန်းများခိုးထုတ်ခြင်းခံနေရပါတယ်။ ဗန်းမောက်မြို့နယ်မှာ သစ်တောကြိုးဝိုင်း ၂၁ ခု၊ ကြိုးပြင်ကာကွယ်တောခုနစ်ခု၊ အဆိုပြုကာကွယ်တောငါးခုရှိပါတယ်။ နမ့်ကာဦးကြိုးဝိုင်းအတွင်းမှာ ဇလုံတောင်တောအုပ်လို့ နံမည်ကြီးတဲ့ သဘာဝအမျိုးသားဥယျာဉ်အဖြစ် ထိန်းသိမ်းရမယ့်သစ်တော ဟုမ္မလင်း၊ မိုးညှင်း၊ ဗန်းမောက်နယ်စပ်ဆုံရာ တောင်သုံးလုံးရှိရာသစ်တောတွေဟာဆိုလို့ရှိရင်လည်း သစ်ထုတ်လုပ်ရေးလုပ်ငန်းများ မတို့ထိရသေးတဲ့ သစ်တောကောင်းများဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့အကြီးဆုံးကျွန်းပင်ကြီးရှိရာဒေသလည်း ဖြစ်ပါတယ်။ သစ်တောကြီးများထူထပ်ပြီး အဖိုးတန်ကျွန်းသစ်များ၊ တမလန်းများပေါများတဲ့အတွက် ဝိသမလောဘသားများ မျက်စိကျရာဒေသဖြစ်ခဲ့ပြီးမှ သစ်ခိုးထုတ်မှုများစွာရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ သစ်တောဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့ စတဲ့အဖွဲ့များ ပူးပေါင်းပြီးမှ ဖမ်းဆီးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ ဖမ်းဆီးရမိခြင်းများစွာရှိခဲ့သလို တစ်ခါတစ်ရံ ဖမ်းဆီးမရမိတဲ့ ရှောင်းတိမ်းလွတ်မြောက်သွားခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ၁၁၉ မှု ဖမ်းဆီးရမိ

ပြီးမှ ပိုင်ရှင်နှင့်အတူ ဖမ်းဆီးရမိတာ ၁၃ မှု၊ ပိုင်ရှင်မဲ့ဖမ်းဆီးရမိတာ ၁၀၆ မှုဖြစ်ပါတယ်။ ဒီလိုဖမ်းဆီး ဆောင်ရွက်မှုတွေမှာ ပြည်သူကိုမျက်နှာမူပြီး တာဝန်ကျေစွာ နေ့ညမလပ် ဆောင်ရွက်ကြတဲ့ဝန်ထမ်း များစွာရှိပါတယ်။ အလွန်ကျေးဇူးတင်စရာ၊ ဂုဏ်ယူစရာကောင်းပါတယ်။ ဒါပေမဲ့ တချို့ကိစ္စတွေမှာ သတင်းပေါက်ကြားပြီး မဖမ်းမိတာတွေ၊ လက်တစ်လုံးကြားရှောင်းကွင်းသွားတာတွေ ရှိပါတယ်။ ဥပမာလေးတစ်ခုပြောရရင် ကျွန်တော်တို့မြို့နယ်ရဲ့ မိုင် ၂၀ ခန့်ဝေးတဲ့ ရွာကပြည်သူတစ်ယောက်က ည ၁ နာရီမှာ သတင်းပေးပါတယ်။ ညနေပိုင်း သစ်တင်တဲ့အချိန်ကစောင့်ကြည့်ပြီးမှ သစ်ကားတစ်စီး ခြောက်ဘီးကားနှင့် မိုးကာအုပ်ပြီး ထွက်သွားပါပြီလို့ လှမ်းပြီးအကြောင်းကြားပါတယ်။ ဖမ်းဆီးနိုင်ရေး အတွက် ကျွန်တော်တို့ ၁၆ မိုင်၊ ၁၂ မိုင်သာဝေးတဲ့ရွာများကို လှမ်းအကြောင်းကြားပြီး ရွာတွင်းကနေ စောင့်ကြည့်စေရာ သစ်ကားတစ်စီးဖြတ်သွားပြီဟု အတည်ပြုပါတယ်။ ၁၀ ခန့်ရောက်မှ မြို့နယ်တာဝန် ရှိသူထံ ဖုန်းဆက်အကြောင်းကြားခဲ့ပါတယ်။ သတင်းခိုင်လုံစေရန်၊ လမ်းတစ်လျှောက်စောင့်ကြည့်ပြီး ဖမ်းဆီးနိုင်ရန် ဆောင်ရွက်ခဲ့ပါတယ်။ ဖမ်းဆီးရမိပါတယ်။ ဒါပေမဲ့လို့ ဖမ်းဆီးရမိတဲ့ပုံစံကတော့ လမ်းဘေးပိုင်ရှင်မဲ့သစ်ပုံတစ်ပုံနဲ့ မလှမ်းမကန်းမှာရှိတဲ့ကားတစ်စီးလို့ဖြစ်လာပါတယ်။ ဒီလို လက်တစ်လုံးကြားအဖြစ်တွေ၊ သက်သေပြမရတဲ့သတင်းပေါက်ကြားမှုတွေဟာ အမှန်တကယ်ဖြစ်နေ တာပါ။ ဒီလိုပြောပြရတာကတော့ တစ်စုံတစ်ယောက်နစ်နာစေလိုတဲ့အတွက် ပြောရခြင်းမဟုတ်ဘဲ အချက်အလက်ခိုင်လုံစေရန် တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ အတွင်းစည်းထဲက သစ်ကုန်သည် များနှင့် ပူးပေါင်းပါဝင်ပတ်သက်နေတယ်။ အဲဒီလိုအကျင့်ပျက်နေတာရှိနေပြီးတော့မှ ဗန်းမော်၊ ကသာ၊ မိုးညှင်း၊ မိုးကောင်းစတဲ့ နယ်ပေါင်းစုံကလာတဲ့ ဝိသမလောဘသားတွေနဲ့ ပေါင်းပြီးတော့ ကားဖြင့် သယ်ယူပေးရန်တာဝန်ယူသူ၊ ရှေ့ပြေးလမ်းရှင်းသူ၊ သစ်များဖမ်းဆီးမိပါက ပိုင်ရှင်အဖြစ် အငှားလိုက်သူ များ၊ သစ်ရရှိရေး စရန်ပေးဆောင်ရွက်နေတဲ့ အုပ်စုတွေနဲ့ဆောင်ရွက်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမှန်တကယ် သစ်ဖမ်းဆီးမိတဲ့အရေအတွက်ထက် ရေခဲတုံးသီအိုရီလိုပါပဲ မဖမ်းမိတဲ့အရေအတွက်က ပိုများမယ်ဆိုတာ ခန့်မှန်းနိုင်ပါတယ်။ အရင်အစိုးရလက်ထက် ဖမ်းဆီးရမိ သူတွေရှိခဲ့တယ်။ ယခုလည်း နေ့စဉ်ဆောင်ရွက်နေတယ်။ သစ်ခိုးထုတ်မှုတွေရပ်မသွားပါဘူး။ ပိုမိုများပြားလာပါတယ်။ ကျွန်တော်တို့ စဉ်းစားဖို့လိုအပ်လာပါပြီ။ သစ်ခိုးထုတ်မှုတွေကို ကာကွယ်ဖို့ အစီအမံများလိုအပ်လာပါပြီ။ ဘယ်လိုစီမံချက်တွေရေးပြီးဆောင်ရွက်မယ်ဆိုတာလည်း အမြန်လိုအပ် လျက်ရှိပါတယ်။ သစ်ခိုးထုတ်မှုများမှာ အသုံးပြုနေတဲ့ကားအများစုဟာ လိုင်စင်မဲ့ကားများဖြစ်ပြီးမှ မြို့တွင်းဝင်ရောက်လာတဲ့ကားများကို မှတ်တမ်းတင်ပြုစုစောင့်ကြည့်ပြီးတော့မှ စစ်ဆေးခြင်း၊

သစ်ကုန်သည်များကို စုံစမ်းဖော်ထုတ်ခြင်း၊ သစ်ဖမ်းဆီးရာမှာ ကွင်းဆက်လိုက်စုံစမ်းဖော်ထုတ်ခြင်း၊ ဘဏ်ငွေလွှဲများ၊ ဘဏ်ငွေလွှဲဌာနများ၊ ဖုန်းအဆက်အသွယ်များ စုံစမ်းစစ်ဆေးပြီးမှ ဆောင်ရွက်ဖို့ရာ လိုအပ်လျက်ရှိပါတယ်။ သစ်တောဦးစီးဌာနတစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရနိုင်ပါဘူး။ ဝန်ကြီးဌာန အားလုံး ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မှာဖြစ်ပါသဖြင့် ပြည်သူလူထုကိုယ်စားဥက္ကဋ္ဌကြီးမှ တစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ ဗန်းမောက်မြို့နယ်အတွင်း အုပ်စုဖွဲ့သစ်ခိုး ထုတ်နေမှုအား မည်ကဲ့သို့တာဆီးဆောင်ရွက်ပေးမည်နှင့် စနစ်တကျစီမံကိန်းချ၍ သစ်ခိုးထုတ်နေမှု အား စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ စစ်ကိုင်း တိုင်းဒေသကြီး၊ ဗန်းမောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးရဲ့ ဗန်းမောက် မြို့နယ်အတွင်း အုပ်စုဖွဲ့သစ်ခိုးထုတ်နေမှုများအား မည်သို့တားဆီးအရေးယူဆောင်ရွက်ပေးမည်နှင့် စနစ်တကျ စီမံကိန်းချ၍ သစ်ခိုးထုတ်နေမှုအား စနစ်တကျစုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ တို့နှင့်ပေါင်းစပ်ပြီး ကျွန်တော် ဖြေကြားသွားမှာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်ဟာ ကြိုးဝိုင်း ၂၁ ခု၊ ကြိုးပြင် ကာကွယ်တောခုနစ်ခုရှိပြီးတော့ ကသာခရိုင်မှာ သစ်တောဧရိယာအကျယ်ဆုံးဖြစ်ပါတယ်။ မြို့နယ် ဧရိယာရဲ့ ၆၄ ရာခိုင်နှုန်းရှိကြောင်းကို သိရှိရပါတယ်။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါ ခင်ဗျား။ ဗန်းမောက်မြို့နယ်မှာ လက်ရှိသစ်တောဝန်ထမ်း ၁၈ ဦးသာရှိပါတယ်။ ကြိုဝိုင်းဧရိယာနှင့် တွက်မယ်ဆိုရင် သစ်တောဝန်ထမ်းတစ်ဦးဟာ ဧက ၃၀၀၀၀ ကျော်ကို စီမံအုပ်ချုပ်နေရတယ်လို့ ပြောလို့ရပါတယ်ခင်ဗျာ။ ဗန်းမောက်မြို့နယ်အတွင်း တရားမဝင်သစ်ခိုးထုတ်မှုများ၊ အခြားဥပဒေနှင့် မလွတ်ကင်းတဲ့သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှုမရှိစေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်

ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့၊ မြို့နယ်သစ်တောဦးစီးဌာန၊ တပ်မတော် စစ်ကြောင်းနှင့်ပူးပေါင်းပြီးတော့ သစ်ခိုးထုတ်မှုများကို အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ဖမ်းဆီး ဆောင်ရွက်လျက်ရှိပါတယ်။ ကသာခရိုင်၊ ရွှေဘိုခရိုင်၊ မုံရွာခရိုင်နှင့် ကလေးခရိုင်တို့မှာ သစ်တော လုံခြုံရေးရဲတပ်ဖွဲ့အင်အား ၅၀ ဦးကို တာဝန်ချထားပြီးတော့ ခရိုင်သစ်တောဦးစီးဌာနရဲ့အစီအစဉ်နဲ့ လိုအပ်တဲ့မြို့နယ်များမှာ သစ်တောဝန်ထမ်းများနှင့်ပူးပေါင်းပြီးတော့ တရားမဝင်သစ်များကို စဉ်ဆက်မပြတ်ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ် ဩဂုတ်လ ၇ ရက်အထိ ဗန်းမောက်မြို့နယ်အတွင်းမှာ ဖမ်းဆီးရမိတဲ့စာရင်းကို ကျွန်တော် တင်ပြထားပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ တန်ပေါင်း ၆၁၃ တန်နှင့် တရားခံ ၃၆ ဦး၊ ယာဉ်ရှစ်စီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဩဂုတ်လ ၇ ရက်အထိကတော့ စုစုပေါင်း တန် ၁၅၀ နှင့် တရားခံခုနစ်ဦးနှင့် ယာဉ်ခုနစ်စီးဖြစ်ပါတယ်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအနေနဲ့ အဖိုးတန်သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များမှာ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းကို သက်ဆိုင်ရာဌာနေ အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီးတော့ နည်းလမ်းမျိုးစုံနဲ့ ကြပ်မတ်အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါတယ်။ ထို့အပြင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအနေနဲ့ ဆက်စပ်ဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထုများရဲ့ ပူးပေါင်းပါဝင်မှုနဲ့ တရားမဝင်သစ်ခုတ်လှဲထုတ်လုပ်သယ်ဆောင်ဝယ်ရေးကို ပိုမိုထိရောက်စွာကာကွယ် နိုင်ရန် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့ခြင်းစနစ် (Community Monitoring and Reporting System)နဲ့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် Hotline တယ်လီဖုန်းနံပါတ်များကို လူမှုကွန်ရက်စာမျက်နှာများ၊ သတင်းမီဒီယာများမှာဖော်ပြပြီးတော့ သတင်းရယူဆောင်ရွက်ခြင်း၊ တားဆီးကာကွယ်ခြင်းအပြင် ဖမ်းဆီးရရှိမှုသတင်းများကိုလည်းပဲ နေ့စဉ်သတင်းစာများ၊ လူမှု ကွန်ရက်စာမျက်နှာများမှာလည်း ဖော်ပြဆောင်ရွက်လျက်ရှိတဲ့နည်းတူ ကသာခရိုင်၊ ဗန်းမောက်မြို့နယ် အတွင်း တရားမဝင်သစ်ခိုးမှု ထုတ်လုပ်နေသည့်သတင်းများကိုလည်းပဲ သစ်တောဦးစီးဌာနကို ပေးပို့ခြင်းအားဖြင့် ပိုမိုထိရောက်စွာ ကာကွယ်တားဆီးနိုင်မှာဖြစ်ပါတယ်။

အဲဒီအပြင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ (၁၃-၇-၂၀၁၇ ရက်နေ့)မှာ တင်သွင်းခဲ့သော၊ အဆိုပြုခဲ့သော စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်၏ နိုင်ငံတစ်ဝန်းတွင် ကြီးမားစွာဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုမှုများ၊ သစ်ခိုးထုတ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာဖြေရှင်းဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၈-၇-၂၀၁၇ ရက်နေ့မှာ ဝန်ကြီးဌာနအနေနဲ့ အတည်ပြုခဲ့ပြီးတော့ ပြည်သူ့လွှတ်တော်မှ အတည်ပြုပါကြောင်းကိုလည်းပဲ ဆုံးဖြတ်ခဲ့ပါသဖြင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏မေးခွန်းအား အရှိန်အဟုန်မြှင့်ပြီးတော့ ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်က မူလရေအရင်းအမြစ် သဘာဝရေထွက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဦးစားပေးအဆင့်သတ်မှတ်ကာ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းစဉ်များ ချမှတ်လမ်းညွှန်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မောက်မယ်မဲဆန္ဒနယ်က ဦးစိုင်းဝေါင်းဆိုင်ဟိန်းက အဆိုတစ်ရပ် တင်သွင်းထားပါတယ်။ ဦးစိုင်းဝေါင်းဆိုင်ဟိန်းအား အဆိုတင် သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဝေါင်းဆိုင်ဟိန်း(မောက်မယ်ဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ ဒီကနေ့ ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ မူလရေ အရင်းအမြစ် သဘာဝရေထွက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဦးစားပေးအဆင့်သတ်မှတ်ကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များ ချမှတ်လမ်းညွှန်ပေးပါရန် ပြည်ထောင်စုအစိုးရ သို့တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။ ကျွန်တော့်၏အဆိုကို ဖတ်ကြားတင်သွင်းခွင့် တောင်းခံအပ်ပါ တယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စား

လှယ်များခင်ဗျား။ သဘာဝအရင်းအမြစ်များအနက် ရေအရင်းအမြစ်သည် အပေါ်များဆုံးနှင့် အရေးပါဆုံး အရင်းအမြစ်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့သက်ရှိများအားလုံး ထာဝရရှင်သန်ရပ်တည် နေနိုင်နိုင်ရေးနှင့် သဘာဝဂေဟစနစ်များ တည်တံ့ခိုင်မြဲရေးအတွက် ရေသည် အခြေခံအကျဆုံး သဘာဝအရင်းအမြစ်တစ်ခုဖြစ်ပါတယ်။ သမိုင်းဦးခေတ်ကပင် ရေကြည်ရာ မြက်နုရာ လှည့်လည်နေထိုင်ခြင်းကိုကြည့်၍ သဘာဝအရင်းအမြစ်များ အရေးပါအရာရောက်မှုကို သိရှိနိုင်ပါတယ်။ ယနေ့ခေတ်မှာလည်း မြို့ရွာအတော်များများဟာ ရေခံမြေခံကောင်းမွန်မှုအပေါ်မှာမူတည်ပြီးတော့မှ စုစည်းနေထိုင်လုပ်ကိုင်စားသောက်နေကြရတာဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ရေသယံဇာတအရင်းအမြစ်များပိုင်ဆိုင်မှုမှာ ကမ္ဘာမှာအဆင့် ၁၄ ရှိပြီးတော့မှ အာရှဒေသမှာ အဆင့်(၅)ရှိကြောင်းလည်း လေ့လာသိရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေသယံဇာတအရင်းအမြစ်များမှ သဘာဝရေထွက်များကို ဦးစားပေးထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပေးသင့်ကြောင်း တင်ပြလိုပါတယ်။ သဘာဝရေထွက်များ ပေါင်းစုံစုစည်းမှုဖြင့် မြောင်းငယ်၊ ချောင်းငယ်များ၊ ရေကန်များ၊ မြစ်ကြီးများ အဆင့်ဆင့်ဖြစ်ပေါ်လာရခြင်းဖြစ်ပါတယ်။ အချို့ရေထွက်များဟာ ရွာတစ်ရွာသောက်သုံးနိုင်ရုံမျှပမာဏရှိသော်လည်း အချို့ရေထွက်များဟာဆိုရင် သောက်သုံးရေအတွက်သာမက လယ်ယာစိုက်ပျိုးရေးနှင့် အခြားစက်မှုလုပ်ငန်းများစွာတို့ကို အထောက်အကူပြုပေးနိုင်ပါတယ်။ ကျွန်တော်တို့ တောင်ပေါ်ဒေသရှိ တိုင်းရင်းသားအများစုဟာ သဘာဝစိမ့်စမ်းရေများကိုသာ အဓိကမှီခိုအားထား၍ သောက်သုံးနေထိုင်ကြရပါတယ်။ အချို့ရေထွက်များမှာ တော၊ တောင်ကိုအမှီပြု၍ ရေထွက်အဖြစ်ထွက်ပေါ်လာလေ့ရှိပါတယ်။ အချို့ရေထွက်များကတော့ နဂိုမူလကပင် ကျေးရွာနယ်နိမိတ်နဲ့ လူနေရပ်ကွက်ထဲမှာတည်ရှိတဲ့အတွက် ပြည်သူလူထုတို့ရဲ့ အဓိကမှီခိုအားထားရာ ဖြစ်ခဲ့ရပါတယ်။ သို့ရာတွင် သုံးစွဲမှုသာရှိပြီး ထိန်းသိမ်းစောင့်ရှောက်မှုအားနည်းသဖြင့် အချို့ရေထွက်များ ခန်းခြောက်ပျောက်ကွယ်သည့်အဆင့်မျိုး ရောက်ရှိခဲ့ရပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝမြေအောက်ရေမှ ကမ္ဘာ့မြေမျက်နှာပြင်ပေါ်သို့ အလိုအလျောက်ထွက်ရှိလာပြီး သက်ရှိမှန်သမျှကို အကျိုးပြုပေးနေတဲ့ သဘာဝရေထွက်တွေကို ကျွန်တော်တို့ မြတ်နိုးတန်ဖိုးထားရမှာဖြစ်သလို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် တာဝန်လည်းရှိပါတယ်။ အချို့နိုင်ငံများမှာ ရေအရင်းအမြစ်မရှိသဖြင့် ဝယ်ယူသုံးစွဲနေရချိန်မှာ ကျွန်တော်တို့အနေဖြင့် ပိုမို၍ ဂုဏ်ယူဝင့်ကြွားစွာ ထိန်းသိမ်း

ကာကွယ်စောင့်ရှောက်ကြရမှာဖြစ်ပါတယ်။ ရေအရင်းအမြစ်များ ထိရောက်စွာစီမံခန့်ခွဲနိုင်ရေး အတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် စတင်ဖွဲ့စည်း ထားကြောင်းလည်း သိရှိရပါတယ်။ ယခု ၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှာကျရောက်တဲ့ ကမ္ဘာ့သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့မှာလည်း တို့ကမ္ဘာမြေတစ်ခွင်သာယာလှစေဖို့ သဘာဝကိုထိန်းသိမ်းစို့ ဆိုတဲ့ဆောင်ပုဒ်ကို ချမှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ကမ္ဘာမှာ ရာသီဥတုပြောင်းလဲခြင်းနှင့် လူတို့၏ပယောဂကြောင့် ရေအရင်းအမြစ်များ လျော့နည်းပျက်စီးလာရခြင်းကို ကျွန်တော်တို့ ရင်ဆိုင်ကြုံတွေ့နေကြပြီဖြစ်ပါတယ်။ အဓိကရင်ဆိုင် ကြုံတွေ့ရတဲ့ပြဿနာကတော့ နွေရာသီကာလ သောက်သုံးရေးပြတ်လပ်ရှားပါးခြင်းပြဿနာပဲ ဖြစ်ပါတယ်။ သဘာဝရေထွက်ရှိရာဒေသများမှာ တိကျတဲ့တားဆီးပိတ်ပင်မှုများမရှိခြင်းကြောင့် သစ်၊ ဝါးများကို ထင်သလိုခုတ်လှဲခြင်း၊ တောင်ယာချဲ့ထွင်ဝင်ရောက်လာခြင်း၊ တောမီးရှို့ခြင်း၊ အမှိုက်နှင့် အညစ်အကြေးများ ဖြစ်သလိုစွန့်ပစ်ခြင်း၊ သားငါးများကို မိုင်းခွဲဖမ်းဆီးခြင်း၊ ရှော့ရိုက်ဖမ်းဆီးခြင်း တို့ကြောင့် ဂေဟစနစ်များပျက်ပြားလာပြီး ရေထွက်နှုန်းလျော့နည်းလာခြင်း၊ တိမ်ကောပျက်စီးခန်း ခြောက်ခြင်းတို့ကို မြင်တွေ့နေရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝရေထွက်များ ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် ကန့်သတ်ချက်များနှင့် တားမြစ်ပိတ်ပင်ချက်များထုတ်ပြန်ပေးရန် လိုအပ်သကဲ့သို့ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများကိုလည်း ပြန်လည်လုပ်ဆောင်ပေးဖို့ လိုအပ်လှပါတယ်။ သဘာဝရေထွက်ရှိရာဒေသတွေကို တားမြစ်နယ်မြေ၊ ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်ပေးပြီး သစ်ဝါးခုတ်ထွင်မှုတွေကို တားမြစ်ခြင်း၊ အမှိုက်၊ အညစ်အကြေးစွန့်ပစ်မှုကို ပိတ်ပင်ခြင်း၊ သားငါး ရှာဖွေဖမ်းဆီးမှုပိတ်ပင်ခြင်း၊ တောင်ယာချဲ့ထွင်ခြင်း၊ မီးရှို့ခြင်းတို့ တင်းကျပ်စွာတားမြစ်ခြင်းတို့အပြင် ရေစီးရေလာကောင်းမွန်စေရန် နုန်းဆယ်ခြင်း၊ အမှိုက်သရိုက်ရှင်းလင်းခြင်း၊ စိမ်းလန်းစိုပြည်ရေး အတွက် နှစ်စဉ် သစ်ပင်ပုံမှန်တိုးချဲ့စိုက်ပျိုးခြင်း၊ ရေထွက်ဒေသကို လိုအပ်ပါက စည်းရိုးကာရန် ဆောင်ရွက်ပေးခြင်းတို့ဖြင့် ပြန်လည်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးသင့်ပါတယ်။ အထူးသဖြင့် သဘာဝရေထွက်များကိုသာ အဓိကမှီခိုအားထားနေရသော တိုင်းရင်းသားဒေသများတွင် အထူးကြပ်မတ် ဆောင်ရွက်ပေးစေလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုနဲ့ပတ်သက်တဲ့ Power Point အနည်းငယ် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါ ကျွန်တော်တို့ သစ်တောဧရိယာအတွင်းမှာရှိတဲ့ သဘာဝရေထွက် ဖြစ်ပါ တယ်။ စိုက်ပျိုးရေအကျိုးပြုဖြစ်ပါတယ်။ ရေထွက်အားကောင်းလွန်းတဲ့အတွက် ရေတလျောက်ကြီးတွေ

နဲ့ သွယ်တန်းပြီးတော့မှ စိုက်ပျိုးလယ်ဧကများစွာကို စိုက်ပျိုးရေးပေးဝေနိုင်တဲ့အဆင့်အထိ ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ လူနေရပ်ကွက် ရပ်ရွာအတွင်းမှာ တည်ရှိနေတဲ့ရေထွက်အမျိုးအစား ဖြစ်ပါတယ်။ ဒါ သောက်သုံးရေအဖြစ်သုံးတဲ့၊ ချိုးရေအဖြစ်သုံးတဲ့ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေနဲ့လည်းကောင်း၊ ကျေးလက်ဘတ်ဂျက်နဲ့လည်းကောင်း ပြန်လည်ပြုပြင်မွမ်းမံထားရတဲ့ အနေအထားဖြစ်ပါတယ်။ ဒါမိုးရာသီမှာ ရေအားကောင်းပေမဲ့ နွေရာသီကျရင် အားလုံး ခွဲတာပြီးမှ သုံးစွဲရတဲ့အနေအထားမျိုးရှိပါတယ်။ ဆည်ရေထွက်ဒေသရေတွေ၊ နုန်းရေတွေကို ဒေသခံပြည်သူတွေက ကိုယ့်အားကိုယ်ကိုးနဲ့ ဝိုင်းဝန်းပြီးတော့မှ ပြန်လည်နုန်းဆည်ခြင်း၊ ရေထွက်လမ်း၊ ရေဝင်လမ်းဖောက်လုပ်ခြင်းကို ဆောင်ရွက်နေတဲ့ပုံဖြစ်ပါတယ်။ ရေထွက်ဒေသတွေမှာ အဲဒီလို စည်းကမ်းမရှိဘဲနဲ့ စနစ်တကျစွန့်ပစ်ခြင်းမရှိဘဲနဲ့ အမှိုက်ပုံတွေနေရာတိုင်း၊ နေရာတကာများစွာ တွေ့ရှိရတဲ့ပုံဖြစ်ပါတယ်။ ဒါက ကိုယ့်နည်းကိုယ်ဟန်နဲ့ ဒေသကသူ့ဟာသူ ကာကွယ်တားမြစ်မှုတွေ ဆောင်ရွက်ထားတဲ့ သတိပေးဆိုင်းဘုတ်တွေဖြစ်ပါတယ်။ ဒါတောမီးမရှို့ရဆိုတဲ့ ဌာနဆိုင်ရာက ကာကွယ်ထားတဲ့ ဆိုင်းဘုတ်ဖြစ်ပါတယ်။ တောမီးကတော့ နှစ်တိုင်းလောင်မြဲဖြစ်ပါတယ်။ ဒါကလည်း ဘယ်သူက၊ ဘယ်သူ့ကိုအရေးယူမယ်မှန်းမသိတဲ့ ရေချောင်းကိုကာကွယ်ထားတဲ့ သူ့ဒေသရဲ့ ကိုယ်နည်းကိုယ့်ဟန်ဆိုင်းဘုတ်လေးဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ရှမ်း၊ မြန်မာ နှစ်ဘာသာနဲ့ ရေထွက်တောအုပ်အတွင်းကို သစ်၊ ဝါးခုတ်ဖို့ မပြုနိုင်အောင်၊ အမှိုက်တွေမဖွနိုင်အောင် မေတ္တာရပ်ခံချက်နည်းဖြစ်ပါတယ်။ ဒါကတော့ ရိုးရာရေတောင်းပွဲဆိုတာ ကျွန်တော်တို့ တောင်ပေါ်ဒေသတိုင်းရင်းသားများဟာ နှစ်စဉ်ကဆုန်၊ နယုန် မိုးဦးကာလတွေမှာဆိုရင် ရေထွက်ရှိရာဒေသတွေကို ပူဇော်ပသခြင်းတွေလုပ်တယ်။ မီးရှူးတွေလွှတ်တယ်။ ပွဲလာတဲ့ပရိတ်သတ်တွေကို ထမင်းထုပ်တွေ ဝေငှပြီးတော့မှ ဆန်၊ ရေ၊ စပါးပေါ်များအောင်၊ စိုက်ပျိုးရေလုံလောက်အောင် ဆုတောင်းပြီးတော့မှ မိရိုးဖလာယုံကြည်မှုနဲ့ ရေထွက်ဒေသတွေကို တစ်နည်းတစ်ဖုံအားဖြင့် ကာကွယ်ထိန်းသိမ်းရာရောက်တဲ့ ပွဲတော်တစ်ခုဖြစ်ပါတယ်။ ယနေ့အချိန်အထိ နှစ်စဉ်မပြတ်ကျင်းပလျက်ရှိပါတယ်။ ရေတောင်းပွဲရဲ့ ပုံစံလေးဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သဘာဝရေထွက်များလို့ဆိုရာမှာ ရေပူ၊ ရေနွေး၊ ရေထွက်ဒေသများလည်းအကျုံးဝင်ပါတယ်။ ယခုခေတ်မှာဆိုရင်တော့ ရေပူထွက်တဲ့ ရေထွက်တွေကို ကျန်းမာရေးနဲ့အပန်းဖြေစခန်းတွေ ဖွင့်လှစ်ထိန်းသိမ်းထားတာကိုလည်း တွေ့ရှိရပါတယ်။ ဒီသဘာဝရေထွက်တွေ ခန်းခြောက်သွားမယ်

ဆိုပါက ကျွန်တော်တို့ ပြန်လည်အစားထိုးရဖို့ မလွယ်ကူပါဘူး။ ယခုလက်ရှိ ပြည်သူလူထုအကျိုးစီးပွားအတွက် အဓိကအားကိုးအားထားပြုနေတဲ့ရေထွက်တွေကို စနစ်တကျထိန်းသိမ်း စောင့်ရှောက်သွားဖို့ အထူးလိုအပ်လှပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ယခုလိုသဘာဝအရင်းအမြစ်ရေထွက် တွေကို အဓိကအားကိုးအားထားပြုနေရတဲ့ နေရာဒေသတွေဟာ မြို့နယ်အသီးသီးမှာ ရှိကြပါလိမ့်မယ်။ ယခုလက်ရှိအနေအထားကိုပဲ ကျွန်တော်တို့ မပျောက်မပျက်ရအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သင့်ပါကြောင်းနဲ့ နိုင်ငံတော်အစိုးရကလည်း သဘာဝရေထွက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်သင့်တဲ့ လုပ်ငန်းစဉ်များကို ချမှတ်လမ်းညွှန်ပေးပါရန် တင်ပြအပ်ပါတယ်။ ဒီကိစ္စများဟာ တစ်ဦးတစ်ယောက်ကောင်းရုံမျှဖြင့် ဆောင်ရွက်နိုင်သော လုပ်ငန်းစဉ်မျိုးမဟုတ်ဘဲ တစ်မျိုးသားလုံး အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်ရည်ရွယ်၍ ဤအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ မူလရေအရင်းအမြစ် သဘာဝရေထွက်များ ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် ဦးစားပေးအဆင့်သတ်မှတ်ကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များ ချမှတ်လမ်းညွှန်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းဝေါင်းဆိုင်ဟိန်း တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်း တင်သွင်းသောအဆိုဖြစ်သည့် မူလရေအရင်းအမြစ် သဘာဝရေထွက်များ ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် ဦးစားပေးအဆင့်သတ်မှတ်ကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များ ချမှတ်လမ်းညွှန်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဆွေးနွေးတင်ပြခဲ့သလို ရေသည် သက်ရှိများ အားလုံး ထာဝရရှင်သန်ရပ်တည်နေထိုင်ရေးနှင့် သဘာဝဂေဟစနစ်များ တည်တံ့ခိုင်မြဲရေးအတွက်

အခြေခံအကျဆုံးသော သဘာဝအရင်းအမြစ်တစ်ခု ဖြစ်ပါတယ်။ ယနေ့အချိန်တွင် ရာသီဥတု ပြောင်းလဲခြင်းနှင့် လူတို့၏ပယောဂအမျိုးမျိုးတို့ကြောင့် ရေအရင်းအမြစ်များ လျော့နည်းပျက်စီး လာပြီး သဘာဝရေထွက်များ လျော့နည်းလာကာ နွေရာသီကာလများတွင် သောက်သုံးရေရှားပါး ပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိနေပါတယ်။ သဘာဝအရင်းအမြစ်ရေထွက်များ ရေရှည်တည်တံ့ခိုင်မြဲ ရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို စီမံချက်များချမှတ်ပြီး အကောင် အထည်ဖော်ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေအရင်းအမြစ် ရေထွက်ရေကန်များသည် နိုင်ငံတစ်ဝန်း မြို့နယ်တိုင်းမှာ တည်ရှိနေမှာဖြစ်သော်လည်း ကျွန်တော်တို့ ရှမ်းပြည်နယ်အပါအဝင် တောင်ပေါ်ကုန်းမြင့်ဒေသတွေ မှာ အများအပြား တွေ့ရှိရမှာဖြစ်ပါတယ်။ အလျဉ်းသင့်၍ ကျွန်တော့်မဲဆန္ဒနယ် ရပ်စောက်မြို့နယ် မှာရှိသော စိမ့်စမ်းရေထွက်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက် ဆောင်ရွက်ထားနိုင်မှုများနှင့် နှိုင်းယှဉ်တင်ပြပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရပ်စောက်မြို့နယ်သည် စတုရန်းမိုင် ၂၀၃၃.၁၂ စတုရန်းမိုင်ကျယ်ဝန်းပြီး ရပ်မိရပ်ဖနှင့် အထောက်အကူပြုကော်မတီများ၏ စာရင်းဇယား ကောက်ယူချက်များအရ ရေထွက်ကြီးငယ် ၁၃၅ ခုရှိပါတယ်။ ကျွန်တော်တို့ရပ်ဆောက်မြို့သည် သမိုင်း မှတ်တမ်းများအရ အင်းခေါင်းရေထွက်အပေါ်မှီ၍ တည်ထောင်ခဲ့သောမြို့ဖြစ်ပြီး ရေထွက်ပင်ရင်း သုံးခုရှိကာ မိုးရာသီမှာ တစ်နာရီ ဂါလန်ရှစ်သိန်း၊ နွေရာသီမှာ ငါးသိန်းထွက်ရှိပါတယ်။ လက်ရှိအကျိုး ပြုလူဦးရေ ၁၅၀၀၀ ကျော်နှင့် စိုက်ဧက ၂၀၀၀ အကျိုးပြုပါတယ်။ အချိန်ကာလကြာမြင့်လာသည်နှင့် အမျှ သဘာဝအရ အင်ခေါင်းရေထွက်ရေကန်ကြီးအတွင်း သဲနုန်းများစီးဝင်၍ ရေထွက်ပိတ်ဆို့မှု၊ တိမ်ကောမှုများ ဖြစ်ပေါ်လာခဲ့ပါတယ်။ မြို့မိမြို့ဖအသင်းအဖွဲ့များ ဗထူးတပ်နယ် တပ်ရင်းတပ်ဖွဲ့ အသင်းသားများအပါအဝင် ပြည်သူလူထုမှ အခါအားလျော်စွာ သဲနုန်း၊ မှော်များ၊ ဒိုက်များ၊ အမှိုက် များ၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနမှလည်း ခွင့်ပြုဘဏ္ဍာငွေများဖြင့်လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူ ကျွန်တော်တို့ ရပ်စောက်မြို့နယ် ကျေးရွာများအနီးရှိ သဘာဝရေထွက်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး ကျေးရွာများမှ တင်ပြချက်များကို မြို့မိမြို့ဖကော်မတီများ၊ ကွင်းဆင်းစိစစ်များချက်အရ ရေထွက်ကြီး/ငယ် ၁၃၅ ခုရှိတဲ့အနက် ရေထွက် ၁၅ ခုကိုလည်း ယခင်အစိုးရလက်ထက် ပြည်နယ်အစိုးရထောက်ပံ့ငွေများဖြင့် ရေထွက်တစ်ခုလျှင် ကျပ်သိန်း ၂၀ နှုန်း မတည်ထောက်ပံ့၍ ရေထွက်များကို ခြံစည်းရိုးကာရံခြင်း၊ ရေစီးရေလာကောင်းမွန်

စေရန် နုန်းများဆည်ယူခြင်း၊ ရေထွက်ရေကန်ထဲသို့ နုန်းများမဝင်စေရန် လွှဲမြောင်းများတူးဖော်ခြင်း၊ ရေထွက်ပတ်ဝန်းကျင် သစ်တောများထိန်းသိမ်း၍ သစ်ပင်များတိုးချဲ့စိုက်ပျိုးခြင်းများ စသည့်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ရေထွက်များ ထာဝစဉ်တည်တံ့စေရန်အတွက် အလေးထားကြိုးစား၍ ထိန်းသိမ်းဆောင်ရွက်ခဲ့ပါတယ်။ သို့သော်လည်း ရေထွက်များအားလုံး မဆောင်ရွက်နိုင်သေးပါဘူး။ အချို့ရေထွက်များသည် ရေထွက်နာမည်သာရှိပြီး ရေထွက်နည်းလာပြီး တိမ်ကောလာနေပါပြီ။ တိမ်ကောပျက်စီးသွားမှ ပြန်လည်ပြုပြင်နိုင်သောအရာများမဟုတ်ပါ၍ ရေထွက်ရေကန်များ ပျက်စီးစာရင်းအဆင့်သို့အရောက်ရှိမီ ကြိုတင်အချိန်မီ စီမံချက်များချမှတ်ပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမယ့်လုပ်ငန်းစဉ်များဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဆည်/မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှလည်း ရေထွက်ရေကန်ငယ်များကို ဆည်တမံငယ်များ တည်ဆောက်ထိန်းသိမ်းပြီး ကျေးရွာများအတွက် သောက်သုံးရေသာမက စိုက်ပျိုးရေရရှိအောင်လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ခွင့်ပြုဘဏ္ဍာငွေအနေအထားများအရ ရေထွက်စိမ့်စမ်းအားလုံး ဆောင်ရွက်နိုင်ခြင်းမရှိသေးဘဲ ရေထွက်ရေကန်အရေအတွက်အနည်းငယ်သာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆက်လက်၍ ရေထွက်များထိန်းသိမ်းစောင့်ရှောက်ရန်လည်း လိုအပ်လျက်ရှိနေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အချုပ်အားဖြင့် တင်ပြရမည်ဆိုလျှင် သဘာဝပတ်ဝန်းကျင်တောတောင်များနှင့် သဘာဝရေထွက်စိမ့်စမ်းရေအရင်းအမြစ်များသည် လူသားနှင့် သက်ရှိများအားလုံးအတွက် မရှိမဖြစ်သဘာဝအရင်းအမြစ် သမိုင်းအမွေအနှစ်များဖြစ်ပါသောကြောင့် သက်ဆိုင်ရာဒေသရှိ ပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်သလို သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ စသည့်ဝန်ထမ်းများ တက်ညီလက်ညီပူးပေါင်းဦးဆောင်ဆောင်ရွက်မှသာလျှင် သဘာဝအရင်းအမြစ်ရေထွက်များကို ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့အဆိုသည် သဘာဝအရင်းအမြစ် ရေထွက်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းအားဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားများ နောင်အနာဂတ်ကာလအတွက် ရေရှည်လူမှုအကျိုးစီးပွားဖြစ်ထွန်းစေမှာဖြစ်သည့်အတွက် ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ ပြည်သူ့

လွှတ်တော်ကြီးမှ လက်ခံဆွေးနွေး၍ အတည်ပြုပေးသင့်ပါကြောင်း လေးစားစွာဖြင့် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးစိုင်းငေါင်းဆိုင်ဟိန်း တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်က တင်သွင်းသော မူလရေအရင်းအမြစ် သဘာဝရေထွက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဦးစားပေးအဆင့်သတ်မှတ်ကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များ ချမှတ်လမ်းညွှန်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၄-၈-၂၀၁၇ ရက် (တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော စာရင်းအင်းဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော စာရင်းဥပဒေကြမ်းကို ၉-၈-၂၀၁၇ ရက်နေ့တွင်လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ သာကေတမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်၊ ဒေါက်တာဝေဖြိုးအောင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ စာရင်းအင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၂၅၀

ရက်စွဲ ၊ ၂ ၀ ၁ ၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **စာရင်းအင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၉-၃-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/ ၂၀၁၇ -၁၁၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော စာရင်းအင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၆-၂-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၉-၃-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက စာရင်းအင်းဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည် -

(က) အရည်အသွေးပြည့်ဝ၍ တိကျမှန်ကန်ပြီး ယုံကြည်စိတ်ချရသော စာရင်းအင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုစုပံ့ပိုးနိုင်သည့် မြန်မာနိုင်ငံအမျိုးသား စာရင်းအင်းစနစ် ပေါ်ပေါက်လာစေရန်၊

(ခ) တိကျမှန်ကန်၍ အရည်အသွေးပြည့်ဝသည့် စာရင်းအင်းများရရှိခြင်းဖြင့် မူဝါဒနှင့် စီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ လုပ်ငန်းများကို စောင့်ကြပ်ကြည့်ရှု အကဲ

ဖြတ်ရာတွင်လည်းကောင်း၊ သယံဇာတများ ခွဲဝေအသုံးပြုရာတွင်လည်းကောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း အထောက်အကူပြုစေရန်၊

(ဂ) နိုင်ငံတော်အစိုးရနှင့် အများပြည်သူတို့ အသုံးပြုနိုင်ရေးအတွက် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးသက်ရောက်မှုရှိပြီး လွယ်ကူချောမွေ့စေရန်၊

(ဃ) စာရင်းအင်းနှင့် သက်ဆိုင်သော ဌာန၊ အဖွဲ့အစည်းများအကြား ထိရောက်မြန်ဆန်စွာပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းစေရန်၊

(င) အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့် စာရင်းအင်းများကို ရရှိအသုံးပြုနိုင်ခြင်းအားဖြင့် အစိုးရနှင့် ပြည်သူတို့အကြား၊ နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြှင့်စေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၅-၅-၂၀၁၇ ရက်တွင်လည်းကောင်း၊ ၁၆-၅-၂၀၁၇ ရက်တွင် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီးမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ၂၀-၅-၂၀၁၇၊ ၃-၆-၂၀၁၇၊ ၂၇-၆-၂၀၁၇၊ ၅-၇-၂၀၁၇၊ ၇-၇-၂၀၁၇၊ ၉-၇-၂၀၁၇၊ ၁၁-၇-၂၀၁၇၊ ၂၀-၇-၂၀၁၇၊ ၂-၈-၂၀၁၇ ရက်တို့တွင်လည်းကောင်း၊ ၃-၈-၂၀၁၇ ရက်နှင့် ၄-၈-၂၀၁၇ ရက်တို့တွင် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီးမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့်ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အခန်း ၁၄ ခန်း နှင့် အပိုဒ်ပေါင်း (၅၅) ပိုဒ် ပါရှိပါသည်။

( ခ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအနက် အချက် (၂၉) ချက်ကို သဘောတူလက်ခံပါသည်။ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များကို လက်မခံဘဲ ပြင်ဆင်ရန်တင်ပြချက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ စာရင်းအင်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၂၅၀

ရက်စွဲ ၊ ၂ ၀ ၁ ၇ ခု နှစ်၊ ဩ ဂုတ် လ ၉ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **စာရင်းအင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၉-၃-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/ ၂၀၁၇ -၁၁၇

**မူကြမ်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော စာရင်းအင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၆-၂-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၉-၃-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက စာရင်းအင်းဥပဒေကြမ်းကို အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည် -

(က) အရည်အသွေးပြည့်ဝ၍ တိကျမှန်ကန်ပြီး ယုံကြည်စိတ်ချရသော စာရင်းအင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုစုပံ့ပိုးနိုင်သည့် မြန်မာနိုင်ငံအမျိုးသား စာရင်းအင်းစနစ် ပေါ်ပေါက်လာစေရန်၊

(ခ) တိကျမှန်ကန်၍ အရည်အသွေးပြည့်ဝသည့် စာရင်းအင်းများရရှိခြင်းဖြင့် မူဝါဒနှင့် စီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ လုပ်ငန်းများကို စောင့်ကြပ်ကြည့်ရှု အကဲဖြတ်ရာတွင်လည်းကောင်း၊ သယံဇာတများ ခွဲဝေအသုံးပြုရာတွင်လည်းကောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း အထောက်အကူပြုစေရန်၊

(ဂ) နိုင်ငံတော်အစိုးရနှင့် အများပြည်သူတို့ အသုံးပြုနိုင်ရေးအတွက် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးသက်ရောက်မှုရှိပြီး လွယ်ကူချောမွေ့စေရန်၊

(ဃ) စာရင်းအင်းနှင့် သက်ဆိုင်သော ဌာန၊ အဖွဲ့အစည်းများအကြား ထိရောက်မြန်ဆန်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းစေရန်၊

(င) အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့် စာရင်းအင်းများကို ရရှိအသုံးပြုနိုင်ခြင်းအားဖြင့် အစိုးရနှင့်ပြည်သူတို့အကြား၊ နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြင့်စေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၅-၅-၂၀၁၇ ရက်တွင်လည်းကောင်း၊ ၁၆-၅-၂၀၁၇ ရက်တွင် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီးမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်

နှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ၂၁-၅-၂၀၁၇၊ ၃-၆-၂၀၁၇၊ ၂၇-၆-၂၀၁၇၊ ၅-၇-၂၀၁၇၊ ၇-၇-၂၀၁၇၊ ၉-၇-၂၀၁၇၊ ၁၁-၇-၂၀၁၇၊ ၂၀-၇-၂၀၁၇၊ ၂-၈-၂၀၁၇ ရက်တို့တွင်လည်းကောင်း၊ ၃-၈-၂၀၁၇ ရက်နှင့် ၄-၈-၂၀၁၇ ရက်တို့တွင် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီးမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့်ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါ သည် -

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အခန်း(၁၄) ခန်း နှင့် အပိုဒ်ပေါင်း (၅၅) ပိုဒ် ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအနက် အချက်(၂၉)ချက်ကို သဘောတူ လက်ခံပါသည်။

(ဂ) ဥပဒေခေါင်းစီးရှိ ၁၃၇၈ ခုနှစ် ကို ၁၃၇၉ ခုနှစ်ဟု ပြင်ဆင်ပါသည်။

(ဃ) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(က) ရှိ အစိုးရဌာနအဖွဲ့အစည်းများဆိုသည့် စကားရပ်ကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများဟုပြင်ဆင်ပြီး၊ ဤဥပဒေရှိ အစိုးရဌာန အဖွဲ့အစည်းများဆိုသည့်စကားရပ်ကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများဟု အသီး သီးပြင်ဆင်ပြီး၊ အပိုဒ်ခွဲ(ခ) ကို အမျိုးသား စာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူ ဆိုသည်မှာ အမျိုးသားစာရင်းအင်း စနစ်အကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင် ရွက်သည့် ပုဂ္ဂိုလ်၊ အိမ်ထောင်စု၊ ပညာရှင်၊ အသင်းအဖွဲ့၊ ဖက်စပ်လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီ၊ ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(င) အပိုဒ် ၂ အပိုဒ်ခွဲ(စ) ရှိ တပ်မြို့စည်ပင်သာယာ အဖွဲ့အစည်းများနှင့်ဆိုသည့် စကား ရပ်ကို စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့်ဟု ပြင်ဆင်ပြီး၊ အပိုဒ်ခွဲ(ဆ)ရှိ

စာရင်းအင်းအချက်အလက်များမှန်ကန်ရေးနှင့် ဆိုသည့်စကားရပ်ကို စာရင်းအင်း အချက်အလက် မှန်ကန်ရေးနှင့်ဟု ပြင်ဆင်ပါသည်။

( စ) အပိုဒ် ၂ အပိုဒ်ခွဲ(ဈ) နှင့်(ည) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဈ) စာရင်းအင်းဆိုင်ရာအကြီးအမှူး ဆိုသည်မှာ အမျိုးသားစာရင်းအင်းဆိုင်ရာ ညှိနှိုင်းရေးမှူးဖြစ်ပြီး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို တာဝန်ခံ ဆောင်ရွက်သည့် ဗဟိုကော်မတီ၏ အတွင်းရေးမှူးကို ဆိုသည်။

(ည)တရားဝင်စာရင်းအင်း ဆိုသည်မှာ အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ၊ ဝန်ကြီးဌာန များမှ မှတ်တမ်းများနှင့် စာရင်းအင်းများ၊ သန်းခေါင်စာရင်းများ၊ စစ်တမ်းများ၊ စာရင်းအင်းဆိုင်ရာ အချက်အလက် စုဆောင်းမှုလုပ်ငန်းစဉ်များမှ ပြုစုရရှိ သောကိန်းဂဏန်းအချက်အလက်များကို ဆိုသည်။

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ(ဋ)၊ (ဍ) နှင့်(ဎ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဋ) သန်းခေါင်စာရင်း ဆိုသည်မှာ ဦးရေဆိုင်ရာ လက္ခဏာရပ်များကို အပြည့်အဝ ကောက်ယူထားသည့် စာရင်းအင်းဆိုင်ရာ အချက်အလက်များကိုအခြေခံ၍ တရားဝင်ထုတ်ပြန်ထားသည့် စာရင်းကိုဆိုသည်။

(ဍ) စစ်တမ်းဆိုသည်မှာ ဦးရေဆိုင်ရာလက္ခဏာရပ်များ ခန့်မှန်းသိရှိနိုင်ရေး အတွက် အချိန်ကာလတစ်ခုအတွင်း ဦးရေဆိုင်ရာ စာရင်းအင်းအချက်အလက် များကို နမူနာစာရင်းကောက်ယူခြင်းဖြင့် စာရင်းအင်းဆိုင်ရာ အချက်အလက် စုဆောင်းရယူသည့် လုပ်ငန်းကိုဆိုသည်။

( ဎ) မူလစာရင်းအင်းအချက်အလက်ဆိုသည်မှာ သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြားစာရင်းအင်းဆိုင်ရာ အချက်အလက် ကောက်ယူစုဆောင်းမှု လုပ်ငန်းစဉ် များမှ တိုက်ရိုက်ကောက်ယူစုဆောင်းရရှိသော တရားဝင်စာရင်းအင်းအတွက် အသုံးပြုရန် ရည်ညွှန်းကိုးကားမည့် အချက်အလက်ကိုဆိုသည်။

(ဏ) လျှို့ဝှက်ထိန်းသိမ်းထားရမည့်အချက်အလက် ဆိုသည်မှာ တရားဝင်စာရင်း အင်းများကို ပြုစုရာတွင် လက်ခံရရှိထားသည့် အချက်အလက်သည် ပုဂ္ဂိုလ်၊ အိမ်ထောင်စု၊ ဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ တစ်ရပ်ရပ်

နှင့်သာ သက်ဆိုင်သည့် ထုတ်ဖော်ပြောဆိုခွင့်မရှိသော စာရင်းအင်း အချက်အလက်ကိုဆိုသည်။

( ဇ) အပိုဒ် ၂ အပိုဒ်ခွဲ(ထ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ထ)စာရင်းအင်းဆိုင်ရာ အချက်အလက်ဆိုသည်မှာ တရားဝင်စာရင်းအင်း ပြုစုထုတ်ပြန်ရန် ကောက်ယူစုဆောင်း ရရှိထားသည့် ကိန်းဂဏန်းအချက်အလက်ကို ဆိုသည်။

(ဈ) အပိုဒ် ၂ အပိုဒ်ခွဲ(ဒ) ရှိ တိကျမှန်ကန်မှုဆိုသည့် စကားရပ်ကို တိကျပြည့်စုံမှန်ကန်မှုဟု ပြင်ဆင်ပါသည်။

(ည) အပိုဒ် ၂ အပိုဒ်ခွဲ(ဓ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဓ) ကုလသမဂ္ဂ၏ အခြေခံစည်းမျဉ်းများဆိုသည်မှာ ကုလသမဂ္ဂ စာရင်းအင်း ကော်မရှင်မှ အခါအားလျော်စွာ ထုတ်ဝေသော ကုလသမဂ္ဂတရားဝင်စာရင်းအင်းဆိုင်ရာ အခြေခံစည်းမျဉ်းကိုဆိုသည်။

( ဋ) အပိုဒ် ၂ အပိုဒ်ခွဲ(ပ) ကို ပယ်ဖျက်ပါသည်။

( ဌ) အပိုဒ် ၂ အပိုဒ်ခွဲ(ဖ)၊ (ဗ) နှင့်(ယ) တို့ကို အပိုဒ်ခွဲ(ပ)၊ (ဖ) နှင့်(ဗ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ပ) မေးခွန်းဖြေကြားသူ ဆိုသည်မှာ သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြား စာရင်းအင်းဆိုင်ရာအချက်အလက်များကို ဖြေကြားဆောင်ရွက်သော ပုဂ္ဂိုလ်ကိုသော်လည်းကောင်း၊ ပုဂ္ဂိုလ်၊ အိမ်ထောင်စု၊ ဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ တစ်ရပ်ရပ်ကိုကိုယ်စားပြု ဖြေကြားဆောင်ရွက်သူကို သော်လည်းကောင်း ဆိုသည်။

(ဖ) စာရင်းအင်းအချက်အလက်ပြုစု ထုတ်ပြန်သူ ဆိုသည်မှာ မူလစာရင်းအင်း အချက်အလက်ကိုဖြစ်စေ၊ တစ်ဆင့်ခံ စာရင်းအင်းအချက်အလက်ကိုဖြစ်စေ၊ တရားဝင် စာရင်းအင်းကိုဖြစ်စေ ထုတ်ပြန်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို ဆိုသည်။

**မူကြမ်း**

(ဗ) စာရင်းအင်းအချက်အလက် ထုတ်ပြန်ခြင်း ဆိုသည်မှာ စာရင်းအင်းဆိုင်ရာ လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်နှင့် သက်ဆိုင်ခြင်းမရှိသော မူလ စာရင်းအင်းအချက်အလက်ကိုဖြစ်စေ၊ တစ်ဆင့်ခံ စာရင်းအင်းအချက်အလက် ကိုဖြစ်စေ၊ တရားဝင်စာရင်းအင်းကိုဖြစ်စေ သုံးစွဲသူများသို့ ရယူအသုံးပြုခွင့် ပေးခြင်းကိုဆိုသည်။

( ၃) အခန်း (၂) အပိုဒ် ၃အပိုဒ်ခွဲ (ခ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက် ပါသည်-

(ခ) မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်း စနစ် ဖွံ့ဖြိုးတိုးတက်စေရန်၊

( ဎ) အပိုဒ် ၃ အပိုဒ်ခွဲ (ခ) ကို အပိုဒ်ခွဲ (ဂ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ သုတေသန လုပ်ငန်းများဆိုသည့်စကားရပ်ကို သုတေသနနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများဟု ပြင်ဆင် ပါသည်။

(ဏ) အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) ကို ပယ်ဖျက်ပါသည်။

(တ) အပိုဒ် ၃ အပိုဒ်ခွဲ(ဃ) ရှိ ပိုမိုအား ကောင်းစေရန် ဆိုသည့်စကားရပ်ကို ပိုမို အားကောင်းစေရန်နှင့် လွယ်ကူချော မွေ့စေရန်ဟု ပြင်ဆင်ပါသည်။

(ထ) အခန်း(၃) ကို ပယ်ဖျက်ပါသည်။

( ဒ) အခန်း(၄) အပိုဒ် ၅ အပိုဒ်ခွဲ(က) ကို အခန်း(၃) အပိုဒ် ၄ အပိုဒ်ခွဲ(က) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါအခန်း(၃)

ဗဟိုကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည်-

(က) စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) ဒုတိယသမ္မတ ဥက္ကဋ္ဌ

(၂) ပြည်ထောင်စုဝန်ကြီး ဒုတိယဥက္ကဋ္ဌ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၃) ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ပြည်ထောင်စု ဝန်ကြီးအဆင့်ရှိသူ၊ ဒုတိယဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးအဆင့်ရှိသူ အဖွဲ့ဝင်များ

စာရင်းအင်း အချက်အလက်နှင့် သက်ဆိုင်သော ဝန်ကြီးဌာနများ

(၄) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး အဖွဲ့ဝင်များ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့

(၅) စာရင်းအင်းအချက်လက် ဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်နှစ်ဦး အဖွဲ့ဝင်

(၆) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး”

ဗဟိုစာရင်းအင်းအဖွဲ့

( ဓ) အပိုဒ် ၆ နှင့် အပိုဒ် ၇ တို့ကို မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

( န) အခန်း(၅) အပိုဒ် ၈ အပိုဒ်ခွဲ(က)ကို အခန်း(၄) အပိုဒ် ၅ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်းပြင်ဆင်ပါသည်-

(က)စာရင်းအင်းဆိုင်ရာ မူဝါဒနှင့် အခြေခံစည်းမျဉ်းများချမှတ်ခြင်း၊

( ပ) အပိုဒ် ၅ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ခ) စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှုအမျိုးသားအဆင့် မဟာဗျူဟာချမှတ်အကောင်အထည်ဖော်ခြင်း၊ အကြံဉာဏ်နှင့် လမ်းညွှန်မှုများပေးခြင်း၊

( ဖ) အပိုဒ် ၈ အပိုဒ်ခွဲ(ခ)၊ (ဂ) နှင့်(ဃ) တို့ကို အပိုဒ် ၅ အပိုဒ်ခွဲ(ဂ)၊ (ဃ) နှင့်(င) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) အရည်အသွေးပြည့်ဝ၍ ယုံကြည်စိတ်ချရသော အမျိုးသားစာရင်းအင်းစနစ် တည်ထောင်ခြင်း၊

(ဃ) စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီအဆင့်ဆင့်အား လမ်းညွှန်မှုပေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း၊

(င) လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြား စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊ လမ်းညွှန် ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဗ) အပိုဒ် ၈ အပိုဒ်ခွဲ(င) ကို ပယ်ဖျက်ပါသည်။

(ဘ) အပိုဒ် ၅ အပိုဒ်ခွဲ(စ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(စ) စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ကိုယ်စားလှယ်များပါဝင်သော စာရင်းအင်း လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(မ) အပိုဒ် ၈ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၅ အပိုဒ်ခွဲ(ဆ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ လိုအပ်ချက်များကို ကဏ္ဍအလိုက် သုံးသပ်ခြင်းနှင့် လိုအပ်သည့် ဆိုသည့်စကားရပ်ကို ကဏ္ဍအလိုက် လိုအပ်ချက်များကိုဟု ပြင်ဆင်ပါသည်။

(ယ) အပိုဒ် ၈ အပိုဒ်ခွဲ(ဆ)ကို ပယ်ဖျက်ပါသည်။

(ရ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၈ အပိုဒ်ခွဲ(ဇ)ကို အပိုဒ် ၅ အပိုဒ်ခွဲ(ဇ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဇ) နိုင်ငံတော်မှ နှစ်စဉ်၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင် အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော စာရင်းအင်းဆိုင်ရာ အချက် အလက်များကို အချိန်မီပေးပို့ရန် သက်ဆိုင်ရာသို့ညွှန်ကြားခြင်း၊

(လ) အပိုဒ် ၈ အပိုဒ်ခွဲ(ဈ)ကို အပိုဒ် ၅ အပိုဒ်ခွဲ(ဈ) နှင့် အပိုဒ် ၇ တို့အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

(ဈ) ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့သို့ အခါအားလျော်စွာ တင်ပြအစီရင်ခံခြင်း၊

၇။ ဗဟိုကော်မတီအစည်းအဝေးကိုအ နည်းဆုံး သုံးလတစ်ကြိမ်ကျင်းပရမည်။

(ဝ) အပိုဒ် ၈ အပိုဒ်ခွဲ(ည)ကို အပိုဒ် ၅ အပိုဒ်ခွဲ(ည)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ည) ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်မှုအခြေအနေများကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်အစီရင်ခံတင်ပြခြင်း၊

(သ) အပိုဒ် ၉ အပိုဒ်ခွဲ(က)ကို အပိုဒ် ၆ အပိုဒ်ခွဲ(က)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ စာရင်းအင်းများနှင့် သက်ဆိုင်သောဆိုသည့် စကားရပ်ကို စာရင်းအင်းနှင့် သက်ဆိုင်သောဟု ပြင်ဆင်ပါသည်။

(ဟ) အပိုဒ် ၉ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၆ အပိုဒ်ခွဲ(ခ) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်စာရင်းအင်း အချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးကော်မတီအဆင့်ဆင့်ကို လိုအပ်သလို ဖွဲ့စည်းခြင်းနှင့်ယင်းတို့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ဠ) အပိုဒ် ၉ အပိုဒ်ခွဲ(င)ကို အပိုဒ် ၆ အပိုဒ်ခွဲ(င)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) မူလစာရင်းအင်းအချက်အလက်နှင့် လူမှုစီးပွားဆိုင်ရာ စစ်တမ်းများ ကောက်ယူရာတွင် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့အား တာဝန်ပေးအပ်ခြင်း။

(အ) အပိုဒ် ၁၀ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**မူကြမ်း**

၁၀။ ပြည်ထောင်စုအစိုးရ၏စာရင်းအင်းဆိုင်ရာ လက်ရှိဆောင်ရွက်မှုများမှ လိုအပ်သော အချက်အလက်များကို ရရှိနိုင်ခြင်းမရှိပါက သက်ဆိုင်ရာဒေသ အဆင့်ဆင့်မှ စာရင်းအင်းများကိုရယူ၍ လုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာရင်းအင်းအချက် အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီများကို ဗဟိုကော်မတီ က ခွင့်ပြုနိုင်သည်။

( - ) အပိုဒ် ၁၁ ကို အပိုဒ် ၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ၎င်းတို့ဆိုသည့် စကားရပ်ကို ယင်းတို့ဟုလည်းကောင်း၊ အသေးစိတ်အချက် အလက်များနှင့် ပတ်သက်၍ဆိုသည့် စကားရပ်ကို အသေးစိတ်အချက် အလက်များကိုဟုလည်းကောင်း ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၂ ကို အပိုဒ် ၉ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ လွှဲအပ်တာဝန်ပေးနိုင်သည် ဆိုသည့်စကားရပ်ရှေ့တွင် လိုအပ်သလိုဆိုသည့်စကားရပ်ကို ဖြည့်စွက်ပါသည်။

( - ) အခန်း(၆)ကို အခန်း(၅) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၃ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၀ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ စာရင်းအင်းစီမံချက်များအားဆိုသည့် စကားရပ်ကို စာရင်းအင်းဆိုင်ရာ စီမံချက်များဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(ခ) စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် သတ်မှတ်ထားသောစံနှုန်းများ ကိုက်ညီစေရေးအတွက် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက် သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊

( - ) အပိုဒ် ၁၃ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၁၃ အပိုဒ်ခွဲ(င) နှင့်(စ)တို့ကို အပိုဒ် ၁၀ အပိုဒ်ခွဲ(ဃ) နှင့်(င)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ယ) လူမှုစီးပွားအခြေအနေကို ထင်ဟပ်ဖော်ပြသည့် စာရင်းအင်းများ၊ စစ်တမ်းများ၊ သန်းခေါင်စာရင်းများ၊ ညွှန်ကိန်းများ၊ ကောက်ယူပြုစုရေးအတွက် ပြင်ဆင်ဆောင်ရွက်နိုင်ရန် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့နှင့် ပူးပေါင်းကြီးကြပ် ဆောင်ရွက်ခြင်း၊

**(င)** တရားဝင်စာရင်းအင်းများ ကောက်ယူရေးအတွက်ဖြစ်စေ၊ အုပ်ချုပ်ရေးအတွက်ဖြစ်စေ၊ အခြားကိစ္စရပ်များအတွက်ဖြစ်စေ ဆောင်ရွက်သည့်တရားဝင်စာရင်းအင်းနှင့် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များကို နှစ်စဉ်ပြန်လည်စိစစ်ခြင်းနှင့် အကြံဉာဏ်ပေးခြင်း၊

( - ) အပိုဒ် ၁၃ အပိုဒ်ခွဲ(ည)၊ (ဋ) (ဌ)နှင့်(ဍ)တို့ကို အပိုဒ် ၁၁ အပိုဒ်ခွဲ(ဈ)၊ (ည)၊ (ဋ)နှင့် (ဌ)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဈ) လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်များမှအပ ထုတ်ပြန်သင့်သည့် တရားဝင်စာရင်းအင်းများကို သတင်းကဏ္ဍများမှ ထုတ်ပြန်နိုင်ရန်အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) ဗဟိုစာရင်းအင်းအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်များရှိ ဗဟိုစာရင်းအင်းအဖွဲ့ ရုံးခွဲများအကြား ကွန်ယက်ချိတ်ဆက် ဆောင်ရွက်ခြင်း၊ စာရင်းအင်းဆိုင်ရာ အချက်အလက်ပေးပို့ခြင်းနှင့် စုစည်းထိန်းသိမ်းထားရှိခြင်း၊

(ဋ) စာရင်းအင်းဆိုင်ရာ အချက်အလက်များကို ပိုမိုလျှင်မြန်စွာ ကောက်ယူစုဆောင်းနိုင်ရေးအတွက် အီလက်ထရွန်နစ် အသုံးချအချက်အလက်စနစ် ထူထောင်ခြင်း၊

(ဌ) အစိုးရနှင့်သက်ဆိုင်သော ဌာနနှင့် အဖွဲ့အစည်းများအကြား စာရင်းအင်းကောက်ယူသည့်စနစ်နှင့် စာရင်းအင်းပြုစုခြင်းဆိုင်ရာ နည်းစနစ်များ တစ်ပြေးညီဖြစ်စေရေး ပေါင်းစပ်ညှိနှိုင်းခြင်း၊ သင်တန်းပေးခြင်း၊

( - ) အပိုဒ် ၁၃ အပိုဒ်ခွဲ(ဏ)ကို အပိုဒ် ၁၁ အပိုဒ်ခွဲ(ပ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အမျိုးသားစာရင်းအင်းစနစ်ရှိ ပါဝင်ပတ်သက်သူများနှင့်ဆိုသည့် စကားရပ်ကို စာရင်းအင်းဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပါဝင်ပတ်သက်သူများနှင့်ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၃ အပိုဒ်ခွဲ(တ) ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၁၃ အပိုဒ်ခွဲ(ဒ) နှင့်(ဓ)တို့ကို အပိုဒ် ၁၁ အပိုဒ်ခွဲ(တ) နှင့်(ထ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(တ) အမျိုးသားစာရင်းအင်း စနစ်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံကိုယ်စားပြုဆောင်ရွက်ခြင်း၊

(ထ) နိုင်ငံတော်၏ စီးပွားရေးအတွက် လိုအပ်သော စာရင်းအင်းဆိုင်ရာ အချက်အလက်များကို ထောက်ရှု၍ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ စစ်တမ်းများ ကောက်ယူရေးကို စနစ်တကျ ရေးဆွဲထားသော အခြေခံမူအရဖြစ်စေ၊ လိုအပ်ချက်ပေါ် မူတည်၍ဖြစ်စေ စီစဉ်ဆောင်ရွက် လုပ်ကိုင်ခြင်း၊

( - ) အပိုဒ် ၁၄ ကို အပိုဒ် ၁၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၂။ စာရင်းအင်းဆိုင်ရာအကြီးအမှူးသည်-

(က) ဗဟိုစာရင်းအင်းအဖွဲ့၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် လျာထားချက်ထက်မပိုစေဘဲအရေးပေါ်ဆောင်ရွက်ရန် အကြောင်းကိစ္စရပ်များ သို့မဟုတ် လုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် စာရင်းအင်းဆိုင်ရာ အချက်အလက် ကောက်ယူစုဆောင်းခြင်း အစီအစဉ်ကိုလည်းကောင်း၊ လုပ်ငန်းနယ်ပယ်နှင့်ပမာဏကိုလည်းကောင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်ရန် ဗဟိုကော်မတီသို့တင်ပြခြင်း ပြုနိုင်သည်။

(ခ) အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ခွင့်ပြုရန်ပုံငွေ လုံလောက်မှု မရှိပါက ဝန်ကြီးဌာနမှတစ်ဆင့် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ တင်ပြတောင်းခံနိုင်သည်။

**မူကြမ်း**

( - ) အခန်း(၇) အပိုဒ်ကို အခန်း(၆) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၆ ကို အပိုဒ် ၁၄ အဖြစ်အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၄။ ဗဟိုကော်မတီက ချမှတ်ထားသော စာရင်းအင်း ဆိုင်ရာမူဝါဒများကို အမျိုးသား စာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့က အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

( - ) အပိုဒ် ၁၈ ကို အပိုဒ် ၁၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၆။ စာရင်းအင်းနှင့် သက်ဆိုင်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း များသည် ဗဟိုကော်မတီကအတည် ပြုထားသော စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့်အညီ အရည်အသွေးပြည့်ဝသည့် စာရင်းအင်းများကို ကောက်ယူပြုစုခြင်းနှင့် ထုတ်ပြန်ခြင်း တို့တွင် ဗဟိုစာရင်းအင်းအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်။

( - ) အပိုဒ် ၁၉ ကို အပိုဒ် ၁၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၇။ စာရင်းအင်းအချက်အလက်ပြုစုထုတ်ပြန်သူသည် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အချိန်ကာလ၊ စည်းကမ်းသတ်မှတ်ချက်၊ အဓိပ္ပါယ်ဖော်ပြချက်၊ စာရင်းအင်းဆိုင်ရာနည်းလမ်း၊ အချက်အလက်ကောက်ယူမည့် နမူနာပုံစံ၊ လုပ်ငန်းအချိန်ဇယားစသည့် သတ်မှတ်ချက်များပါဝင်သော စီမံချက်နှင့် စပ်လျဉ်း၍ ကြိုတင်ခွင့်ပြုချက်ရရှိရန် ဗဟိုကော်မတီထံ တင်ပြရမည်။

( - ) အပိုဒ် ၂၀ ကို အပိုဒ် ၁၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၈။ ပုဒ်မ ၁၇ ပါ ခွင့်ပြုချက်ကို လိုက်နာရန် ပျက်ကွက်ပါက ဗဟိုကော်မတီမှ ယင်းခွင့်ပြုချက်ကို ပြန်လည် ရုပ်သိမ်းနိုင်သည်။

( - ) အခန်း (၈) ကို အခန်း (၇) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၁ ကို အပိုဒ် ၁၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၉။ စာရင်းအင်းဆိုင်ရာ အကြီးအမှူးသည် သန်းခေါင်စာရင်း၊ စစ်တမ်း သို့မဟုတ် အခြားစာရင်းအင်းဆိုင်ရာ အချက်အလက်များ ကောက်ယူစုဆောင်းရာတွင်

သင့်လျော်သည့် ပုဂ္ဂိုလ်ကိုဖြစ်စေ၊ အဖွဲ့ကိုဖြစ်စေ ပါဝင်ဆောင်ရွက်ရန် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ စီမံဆောင်ရွက်နိုင်သည်။

( - ) အပိုဒ် ၂၂ ကို အပိုဒ် ၂၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၀။ စာရင်းအင်းဆိုင်ရာ အကြီးအမှူး သို့မဟုတ် ယင်းက တာဝန်ပေးအပ် ခြင်းခံရသူသည် စာရင်းအင်း ကောက်ယူစုဆောင်းမည်ဆိုပါက သက်ဆိုင်ရာအမျိုးသား စာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများထံ ကြိုတင်အကြောင်းကြားရမည်။

( - ) အပိုဒ် ၂၃ ကို အပိုဒ် ၂၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၁။ ဗဟိုကော်မတီ သို့မဟုတ် ယင်းကတာဝန် ပေးအပ်ထားသူသည် ဤဥပဒေအရ တရားဝင်စာရင်း များကောက်ယူရန်ကိစ္စအလို့ငှာ အမျိုးသား စာရင်းအင်း စနစ်တွင် ပါဝင်ပတ်သက်သူများထံမှ မှတ်တမ်းများ၊ စာရွက်စာတမ်းများကို မေးမြန်းကြည့်ရှုရယူခွင့်ရှိသည်။

( - ) အပိုဒ် ၂၄ ကို အပိုဒ် ၂၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၂။ ဗဟိုကော်မတီ သို့မဟုတ် ယင်းကတာဝန်ပေးအပ် ထားသူသည် ဤဥပဒေပါ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များဆောင်ရွက်နိုင်ရန် အုပ်ချုပ်မှုဆိုင်ရာမှတ်တမ်းများအနက်မှ ရယူလိုသော စာရင်းအင်းဆိုင်ရာ အချက်အလက်များကို တောင်းဆိုသောအခါ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ထုတ်ပေးရမည်။

( - ) အပိုဒ် ၂၅ ကို အပိုဒ် ၂၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၃။ ဗဟိုကော်မတီ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ထားသူသည် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ သက်သေခံလက်မှတ်များ၊ တင်ပြချက်များ၊ နှစ်စဉ်အစီရင်ခံစာများနှင့် မှတ်တမ်းများကို စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များအတွက် ဝန်ကြီးဌာနထံမှ တောင်းခံရယူပိုင်ခွင့်ရှိသည်။

( - ) အပိုဒ် ၂၆ ကို အပိုဒ် ၂၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၄။ ဗဟိုကော်မတီ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ထားသူသည် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်အတွက် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများ

ထံမှ ယင်းတို့ ကန့်သတ်ထားသောစာရင်းအင်းနှင့် သတင်းအချက်အလက်များကို တောင်းခံရယူပိုင်ခွင့်ရှိသည်။

( - ) အခန်း(၉) စာရင်းအင်းဆိုင်ရာ အချက်အလက်များအတွက် မေးခွန်း ဖြေကြားသူများ၏ တာဝန်နှင့်အခွင့်အရေးခေါင်းစဉ်ကို အခန်း(၈) မေးခွန်းဖြေကြားသူ၏ တာဝန်နှင့် အခွင့်အရေးဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၇ ကို အပိုဒ် ၂၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၆။ စာရင်းအင်းကောက်ယူရာတွင် မေးခွန်းဖြေကြားသူသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ အချိန်ကာလနှင့် လိုက်လျောညီသည့် တိကျပြည့်စုံသော စာရင်းအင်းဆိုင်ရာအချက်အလက်များကိုပေးအပ်ရမည်။

( - ) အပိုဒ် ၂၈ ကို အပိုဒ် ၂၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၇။ မေးခွန်းဖြေကြားသူသည် မိမိထုတ်ဖော် ပြောဆိုထားသော သက်ဆိုင်ရာ စာရင်းအင်း ကောက်ယူသည့်ဌာနမှ လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်ကို ယင်းဌာနသို့ ပြန်လည်တောင်းခံပိုင်ခွင့် ရှိသည်။

( - ) အပိုဒ် ၂၉ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၈ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ယင်းဖြေဆိုရန် တာဝန်ရှိသော မေးခွန်းများဆိုသည့် စကားရပ်ကို ဖြေဆိုရမည့် မေးခွန်းများဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ်၂၉ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ပါသည်။

( - ) အခန်း(၁၀) စာရင်းအင်းဆိုင်ရာ အချက်အလက်များ ပံ့ပိုးပေးအပ်ရန် တာဝန်ခေါင်းစဉ်ကို ပယ်ဖျက်ပါသည်။

( - ) အခန်း(၁၀) အပိုဒ် ၃၀ ကို အခန်း(၈) အပိုဒ် ၂၅ အဖြစ်အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၅။ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်သည် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ် တစ်ရပ်ရပ်အတွက်သော် လည်းကောင်း၊ အမျိုးသားစာရင်းအင်းစနစ်အတွင်းမှ အချက်အလက်ဆိုင်ရာ

အခြားလုပ်ထုံး လုပ်နည်းများအတွက်သော်လည်းကောင်း ပြည့်စုံမှန်ကန်သော စာရင်းအင်းဆိုင်ရာ အချက်အလက်များ တောင်းခံလျှင် ဗဟိုစာရင်းအင်းအဖွဲ့သို့ အချိန်မီ အခမဲ့ပေးအပ်ရန် တာဝန်ရှိသည်။

( - ) အပိုဒ် ၃၁ ကို အပိုဒ် ၂၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၉။ လူဦးရေနှင့် သန်းခေါင်စာရင်းမှအပ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များသည် မေးခွန်းဖြေကြားသူ၏ လူမှုအကျိုးစီးပွားကို ထိခိုက်စေနိုင်သော မေးခွန်းဖြစ်သည်ဟု မေးခွန်းဖြေကြားသူက တင်ပြလျှင် စာရင်းအင်းဆိုင်ရာ အကြီးအမှူးသို့မဟုတ် ယင်းကတာဝန်ပေးအပ်ခြင်းခံရသူ၏ ခွင့်ပြုချက်ဖြင့် မေးခွန်းဖြေကြားသူကို ဖြေဆိုခြင်းမှ ကင်းလွတ်ခွင့် ပြုနိုင်သည်။

( - ) အခန်း(၁၁) ကို အခန်း(၉) အဖြစ် ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၂ ကို အပိုဒ် ၃၀ အဖြစ်အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၀။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူသည် တရားဝင်စာရင်းအင်းများကို ကြိုတင်ထုတ်ဝေထားသည့် လုပ်ငန်းအချိန် ဇယားအတိုင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ထုတ်ပြန်ရမည်။

( - ) အပိုဒ် ၃၃ ကို အပိုဒ် ၃၁ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ဗဟိုစာရင်းအင်းအဖွဲ့သို့မဟုတ် ဆိုသည့်စကားရပ်ကို ဗဟိုစာရင်းအင်းအဖွဲ့နှင့်ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၄ ကို အပိုဒ် ၃၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၂။ အမျိုးသားစာရင်းအင်းစနစ်ရှိ စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူက တရားဝင်စာရင်းအင်းများထုတ်ပြန်ရာတွင် သင့်လျော်သည့် နည်းလမ်းဖြင့် ထုတ်ပြန်နိုင်သည်။

( - ) အပိုဒ် ၃၅ ကို အပိုဒ် ၃၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၃။ လျှို့ဝှက်ထိန်းသိမ်းထားရမည့်အချက် အလက်မှအပ အခြားသိရှိလိုသည့် စာရင်းအင်းအချက်အလက်များကို သုံးစွဲလိုသူက သတ်မှတ်ထားသည့် အခပေးသွင်း

လျှင် ဇဟိုစာရင်းအင်းအဖွဲ့နှင့် စာရင်းအင်းအချက်အလက်ပြုစုထုတ်ပြန်သူသည် သုံးစွဲခွင့်ပြုနိုင်သည်။

( - ) အခန်း(၁၂) ကို အခန်း(၁၀) အဖြစ် ပြင်ဆင်ပါသည်။

( - ) အခန်း(၁၂) အပိုဒ် ၃၆ ကို အခန်း(၁၀) အပိုဒ် ၃၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၄။ စာရင်းအင်းဆိုင်ရာအကြီးအမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများ သို့မဟုတ် စာရင်းအင်းအချက်အလက် ပြုစုထုတ် ပြန်သူမည်သူမျှ လျှို့ဝှက်ထိန်းသိမ်းထားရမည့်အချက်အလက်ကို လျှို့ဝှက်ထိန်းသိမ်းထားရှိရန် ပျက်ကွက်ခြင်းမရှိစေရ။”

( - ) အပိုဒ် ၃၇ ကို အပိုဒ် ၃၅ အဖြစ်အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၅။ စာရင်းအင်း အချက်အလက်ပြုစု ထုတ်ပြန်သူမည်သူမျှပုဂ္ဂိုလ်၊ အိမ်ထောင်စု သို့မဟုတ် အဖွဲ့အစည်းနှင့်သက်ဆိုင်သော ပြည်သူ့ရေးရာ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက် သို့မဟုတ် မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာပုဂ္ဂိုလ်၊ အိမ်ထောင်စု သို့မဟုတ် အဖွဲ့အစည်း၏ သဘောတူညီကြောင်းစာဖြင့် ကြိုတင် ခွင့်ပြုချက်မရရှိဘဲ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းပညာကို အသုံးပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ထုတ်ဖော်ပြောဆိုခြင်းမပြုရ။

( - ) အပိုဒ် ၃၈ ကို အပိုဒ် ၃၆ အဖြစ်အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၆။ စာရင်းအင်း အချက်အလက်ပြုစု ထုတ်ပြန်သူမည်သူမျှကောက်ယူခဲ့သည့် တရားဝင်စာရင်းအင်းကိုဖြစ်စေ၊ ၎င်း၏ အစိတ်အပိုင်းကိုဖြစ်စေ ထုတ်ပြန်ရာ၌ သက်ဆိုင်ရာ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူက သဘောတူကြောင်းစာဖြင့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အကြောင်းအချက်တစ်ခုခုသည် ၎င်းကို ရည်ညွှန်းသည်ဟု သိရှိနိုင်ရန် ဖော်ပြသည့်နည်းလမ်းမျိုးဖြင့် ထုတ်ပြန်ကြေညာခြင်း မပြုရ။

( - ) အပိုဒ် ၃၉ ကို အပိုဒ် ၃၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၇။ ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် စာရင်းအင်းအချက်အလက်ပြုစုထုတ် ပြန်သူမည်သူမျှ ပုဒ်မ ၃၂ အရ တရားဝင် စာရင်းအင်းများ ထုတ်ပြန်ရာတွင် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့၏ အမည်များကို ဖော်ပြခြင်းမပြုရ။

( - ) အပိုဒ် ၄၀ ကို အပိုဒ် ၃၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၈။ ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် စာရင်းအင်း အချက်အလက် ပြုစုထုတ်ပြန်သူမည်သူမျှသုတေသန လုပ်ငန်းအတွက်ဖြစ်စေ၊ စစ်တမ်းအတွက် ဖြစ်စေမေးမြန်းရရှိသည့် အသေးစိတ်အချက်အလက်များကိုသော်လည်းကောင်း၊ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များကိုသော်လည်းကောင်း ထုတ်ဖော်ပြောဆိုခြင်းမပြုရ။

( - ) အပိုဒ် ၄၁ ကို အပိုဒ် ၃၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၉။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တရားစွဲဆိုဆောင်ရွက်သည့်ကိစ္စရပ်မှအပ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့နှင့် သက်ဆိုင်သော သတင်းအချက်အလက် တစ်စုံတစ်ရာကို စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်ခြင်းမရှိသည့် မည်သူ့ကိုမျှကြည့်ရှုရယူ လွှဲပြောင်းသုံးစွဲခွင့်မပြုရ။

( - ) အပိုဒ် ၄၂ အပိုဒ်ခွဲ(က) နှင့်(ခ) တို့ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(က) နှင့် (ဂ)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၀။ မည်သူမျှ -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကောက်ယူစုဆောင်းသည့် စာရင်းအင်း အချက်အလက်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပေးအပ်ရန် ငြင်းဆိုခြင်း သို့မဟုတ် ပျက်ကွက်ခြင်း မပြုရ၊

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီစာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းခြင်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုရ။

**မူကြမ်း**

( - ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အပိုဒ် ၄၃ ကို အပိုဒ် ၄၀ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) မှန်ကန်ခြင်းမရှိသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်သော်လည်းကောင်း မမှန်ကန်သော အကြောင်းအရာသို့မဟုတ် စာရင်းအင်းအချက်အလက်များကို ပေးအပ်ခြင်း မပြုရ၊

( - ) အပိုဒ် ၄၀ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၄၁။ မည်သူမျှ မူလစာရင်းအင်း အချက်အလက်ကိုဖြစ်စေ၊ စာရင်းအင်းဆိုင်ရာ အချက်အလက်ကိုဖြစ်စေ မရိုးမဖြောင့်သောသဘောဖြင့် ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်း မပြုရ။

( - ) အခန်း(၁၃) ကို အခန်း(၁၁ )အဖြစ် ပြင်ဆင်ပါသည်။

( - ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက်အပိုဒ် ၄၄ ကို အထွေထွေအခန်းတွင် အပိုဒ် ၄၈ အဖြစ် ပြောင်းရွှေ့ပြီး ယင်းအပိုဒ်ရှိ (၆) လအထိ ဆိုသည့်စကားရပ်ကို တစ်နှစ်အထိဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၅ ကို အပိုဒ် ၄၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၂။ ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် စာရင်းအင်း အချက်အလက် ပြုစုထုတ်ပြန်သူ မည်သူမဆို ပုဒ်မ ၃၄၊ ပုဒ်မ ၃၆ နှင့် ပုဒ်မ ၃၇ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

( - ) အပိုဒ် ၄၆ ကို အပိုဒ် ၄၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၃။ စာရင်းအင်းဆိုင်ရာအကြီးအမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများ သို့မဟုတ် စာရင်းအင်း အချက်အလက် ပြုစုထုတ်ပြန်သူ မည်သူမဆို ပုဒ်မ ၃၅၊ ပုဒ်မ ၃၈ နှင့်ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ့်ငါးသိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

မူကြမ်း

( - ) အပိုဒ် ၄၇ ကို အပိုဒ် ၄၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၄။ မည်သူမဆို ပုဒ်မ ၄၀ နှင့် ၄၁ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် -

(က) ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုဖြစ်ပါက ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

(ခ) စီးပွားရေး လုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းဖြစ်ပါက ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

( - ) အပိုဒ် ၄၈ ကို အပိုဒ် ၄၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၅။ မည်သူမဆို ပုဒ်မ ၄၄ အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီးနောက် ပုဒ်မ ၄၀ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဆက်လက်ကျူးလွန်နေကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ပြစ်မှုကျူးလွန်သည့် ပထမနေ့ရက်မှအပ ဆက်လက်ကျူးလွန်သည့် နေ့ရက်များအတွက် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စု ဖြစ်ပါကတစ်ရက်လျှင် ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ကိုလည်းကောင်း၊ စီးပွားရေး လုပ်ငန်း၊ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းဖြစ်ပါက တစ်ရက်လျှင် ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ကို ချမှတ်ရမည့်အပြင် မမှန်သော အကြောင်းအချက်များ သို့မဟုတ် မမှန်သော အဖြေများနှင့် သက်ဆိုင်သည့် ပြစ်မှုကို မှန်သောအကြောင်းပြချက် သို့မဟုတ် မှန်သောစာရင်း သို့မဟုတ် မှန်သောအဖြေပေးအပ်သည့် နေ့တိုင်အောင် ဆက်လက်ကျူး လွန်နေသည်ဟု မှတ်ယူရမည်။

( - ) အပိုဒ် ၄၉ ကို အပိုဒ် ၄၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၆။ မည်သူမဆို ပုဒ်မ ၃၅ မှ ပုဒ်မ ၄၁ ထိ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီခြင်း သို့မဟုတ် ပူးပေါင်းကြံစည်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သက်ဆိုင်ရာ ပြစ်မှုအတွက် သတ်မှတ်ထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

( - ) အပိုဒ် ၅၀ ကို အပိုဒ် ၄၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများအရလည်းကောင်း သဘောရိုးဖြင့်ဆောင်ရွက်သည့် စာရင်းအင်း ဆိုင်ရာလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ မည်သူ့ကို မျှတရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရ ဖြစ်စေမည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခြင်း မပြုရ။

( - ) အခန်း(၁၄) ကို အခန်း(၁၂) အဖြစ် ပြင်ဆင်ပါသည်။

( - ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၅၁ အပိုဒ်ခွဲ(က)ကို အပိုဒ် ၄၉ အပိုဒ်ခွဲ (က)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အဖွဲ့ဝင်တစ်ဦးချင်းစီတွင်လည်းကောင်း၊ ဦးဆောင်အဖွဲ့၌ ပါဝင်သူတစ်ဦးချင်းစီတွင်လည်းကောင်း ဆိုသည့်စကားရပ်ကို ဦးဆောင်အဖွဲ့ အကြီးအမှူးတွင်ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ) ရှိ ယင်းစီးပွားရေး လုပ်ငန်း၌ ပါဝင်သူတစ်ဦးချင်းစီတွင် ဆိုသည့်စကားရပ်ကို ယင်းစီးပွား ရေးလုပ်ငန်းရှင် တွင်ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဂ) ရှိ ယင်းကုမ္ပဏီ၏ ဒါရိုက်တာတွင် လည်းကောင်း၊ အစုရှယ်ယာရှင် တစ်ဦးချင်းစီတွင်လည်းကောင်းဆိုသည့်စကားရပ်ကို ယင်းကုမ္ပဏီကို ဦးဆောင်သည့် ဒါရိုက်တာတွင်ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဃ) ရှိ ပံ့ပိုးရမည့်တာဝန်ကို ယင်း၏ကိုယ်စား ဆိုသည့်စကားရပ်ကို ဆောင်ရွက်ရန် တာဝန်ကို ၎င်းတို့၏ကိုယ်စား ဟုလည်းကောင်း၊ အမည်စာရင်းတင်သွင်း ပေးပို့ထားပြီးဆိုသည့်စကားရပ်ကို အမည်စာရင်းတင်သွင်းပေးပို့ထားရမည်ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

( - ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၅၁ အပိုဒ်ခွဲ(င) ကို အပိုဒ် ၅၀ အဖြစ်အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၀။ မည်သူမဆိုစာရင်းအင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထောက်ပြအကြံပြု ချက်များကို စာရင်းအင်းဆိုင်ရာ အကြီးအမှူးထံသို့ ပေးပို့နိုင်သည်။ စာရင်းအင်းဆိုင်ရာ အကြီးအမှူးသည် လိုအပ်ပါက ဗဟိုကော်မတီသို့တင်ပြရမည်။

( - ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၅၃ ကို အပိုဒ် ၅၂ အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

၅၂။ ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပုဒ်မ ၄၃ အရ တရားစွဲ ဆိုရာတွင် ဗဟိုကော်မတီ၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

**မူကြမ်း**

( - ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၅၄ ကို အပိုဒ် ၅၃ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅၃။ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များတွင် တာဝန်ထမ်းဆောင်သူများသည် တာဝန်ထမ်းဆောင်သည့် ကာလအတွင်း ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၄။ သို့ဖြစ်ပါ၍ စာရင်းအင်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာရင်းအင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်အချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၅-၈-၂၀၁၇ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ကို ၁၁း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။

**မှုကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၃) ရက်မြောက်နေ့ (၁၁.၈.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဦးစိုင်းမောင်ပွင့်
(တန့်ယန်း မဲဆန္ဒနယ်)



ဦးဇာနည်မင်း
(ရွှေကူ မဲဆန္ဒနယ်)



ဦးအေးနိုင်
[ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်]



ဦးမင်းနောင်
(ပင်လည်ဘူး မဲဆန္ဒနယ်)



ဦးကျော်စိုး
(ဗန်းမောက် မဲဆန္ဒနယ်)



ဦးကျော်မျိုး (ဒုတိယဝန်ကြီး)
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန



ဦးအုန်းဝင်း (ပြည်ထောင်စုဝန်ကြီး)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်